# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စစ်ကိုင်းမြို့(အင်းဝ)တံတား ပြိုကျပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့(အင်းဝ)တံတား ပြိုကျပျက်စီးခဲ့မှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ (အင်းဝ)တံတား ပြိုကျပျက်စီးခဲ့မှုနှင့် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## စာသင်ကျောင်းများနှင့် သဘာဝဘေးအန္တရာယ်

မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှောင်ကြီးကြောင့် ပမာဏကြီးမားများပြားလှသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် စာသင်ကျောင်းပေါင်း ၂၅၁၄ ကျောင်းလည်း ပါဝင်သည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် လာမည့်ဇွန်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်သွားရမည်ဖြစ်ရာ စာသင်ကျောင်းများ၏ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည့် အခြေအနေကိုလိုက်၍ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းနှင့် ပြန်လည်အသုံးမပြုနိုင်တော့သည့် အဆောက်အအုံကို ဖြိုချရှင်းလင်းပြီး အသစ်ပြန်လည် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ကျောင်းနေအရွယ် ကလေးများအားလုံး မပျက်မကွက် ပညာသင်ကြားနိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ “စာသင်ကျောင်းများနှင့် ပတ်သက်၍ အခြေခံပညာကျောင်းများအား အမြန်ဆုံး ပြန်လည်ပြုပြင် တည်ဆောက်ပေးသွားရန်လိုကြောင်း၊ ကလေးငယ်များ ကျောင်းဖွင့်ချိန်၌ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ရန်လိုအပ်သည့် စာသင်ကျောင်းများအလိုက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အဆောက်အအုံများ ကောင်းမွန်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း” ထည့်သွင်းပြောကြားခဲ့သည်။ သို့ဖြစ်ရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျောင်းများကို ပြန်လည်ပြုပြင်ရာတွင် အချိန်မီပြုပြင်နိုင်မည့် ကျောင်းအဆောက်အဦများကို ကျောင်းဖွင့်ချိန်အမီ ပြုပြင်ရမည်ဖြစ်သကဲ့သို့ ဘေးကင်းလုံခြုံမှုရှိစေရန်၊ ကောင်းမွန်ခိုင်ခံ့စေရန်အတွက်လည်း အလေးထား၍ စနစ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အင်အားအလွန်ပြင်းထန်သည့် မန္တလေးမြေလျှောင်ကြီး လှုပ်ခတ်ခဲ့ချိန်သည် စာသင်ကျောင်းများ ပိတ်ထားသည့်အချိန်ဖြစ်ခဲ့ခြင်းမှာ လွန်စွာကံကောင်းလှသည်။ အကယ်၍သာ စာသင်ခန်းများအတွင်း ကျောင်းသား ကျောင်းသူများနှင့် ပြည့်နေချိန်တွင် ဖြစ်ပေါ်ခဲ့မည်ဆိုပါက လွန်စွာကောင်းမွန်ခိုင်ခံ့သည့် ကျောင်းအဆောက်အအုံများကသာ ကလေးများကို အကာအကွယ်ပေးနိုင်လိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ အခြေခံပညာကျောင်းပေါင်း ၄၆၀၀၀ ကျော်ရှိရာ နှစ်စဉ်ကျောင်းနေအရွယ် ကလေးငယ်သိန်းပေါင်းများစွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေမြင့်မားသည့် မိမိတို့နိုင်ငံအနေဖြင့် ကျောင်းအဆောက်အဦများနှင့် ကျောင်းသူကျောင်းသား ကလေးငယ်များအား သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ လေ့ကျင့်မှုများ၊ အသိပညာပေးမှုများကို အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စာသင်ကျောင်းပေါင်း ၂၅၀၀ ကျော်ကို ပြန်လည်ပြင်ဆင် တည်ဆောက်မှုများ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ရေရှည်တွင် စာသင်ကျောင်းများအားလုံး မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့်ဘေးအမျိုးမျိုးတို့မှ လုံခြုံစွာကာကွယ်နိုင်ရန် ပြုပြင်မွမ်းမံတည်ဆောက်သွားကြရမည်ဖြစ်သည်။

အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အထိ ပြင်းထန်သော မြေငလျင်လှုပ်ခဲ့ရာတွင် အင်ဂျင်နီယာပညာရှင်များ၏ စနစ်တကျ ကြပ်မတ်ကွပ်ကဲမှုနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ခဲ့သည့် အဆောက်အဦများမှာ ခံနိုင်ရည်ရှိခဲ့ပြီး လူအသေအပျောက် ကင်းခဲ့သည်ကို စံနမူနာယူ၍ စာသင်ကျောင်းများအပါအဝင် ပြုပြင်တည်ဆောက်ကြရမည့် အဆောက်အဦတိုင်းကို စံချိန်မီတည်ဆောက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ၏ အနာဂတ်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာ နေရာဌာနများဖြစ်သော စာသင်ကျောင်းများကို သဘာဝဘေးအန္တရာယ်အမျိုးမျိုး ခံနိုင်ရည်ရှိသည့် အဆောက်အဦများအဖြစ် ကြိုတင်မျှော်တွေး တည်ဆောက်သွားကြရပါမည့် အကြောင်း။ ။



## ပဲခူးမြို့၌ မြန်မာနှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ ဒုတိယမြောက်နေ့ ဆက်လက်ကျင်းပ

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ပွဲဒုတိယမြောက်နေ့ကို ယမန်နေ့က ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ တရားနာယူကြည်ညိုကြသည်။

ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တသူရိယ (သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်မှ “စာတတ်ရဲ့လား” တရားခေါင်းစဉ်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုဟောကြားတော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော တရားနာပရိသတ်များက တရားတော်နာယူ၍ ဓမ္မပူဇာ အလှူငွေ ကျပ်သိန်း ၆၀ နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ပွဲအား မေ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိပြီး တတိယမြောက်နေ့အဖြစ် ယနေ့တွင် ပဲခူးမြို့ သာသနဇောတိက စာသင်တိုက်၊ ဘဒ္ဒန္တဇနိတ (သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ)က တရားရေအေး အမြိုက်ဆေးများ ဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

### ၁၉ - ၄ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ




### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ - ၄ - ၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | ၄၅၀၅ | ၃၁၀၅ | ၂၈၃၀ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ |
| 95 Ron | ၂၈၀၀ | ၂၉၁၀ | ၂၈၇၅ | ၂၈၁၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၀ | ၂၈၈၅ | ၂၈၈၅ | ၂၉၅၅ | ၂၉၂၀ | ၂၉၄၅ | ၃၂၀၀ |
| HSD (500 ppm) | ၂၇၉၀ | ၂၅၀၅ | ၂၄၇၀ | ၂၄၀၅ | ၂၅၁၀ | ၂၅၂၅ | ၂၅၄၅ | ၂၄၆၅ | - | ၂၇၅၅ | ၂၄၈၀ | ၂၄၈၀ | ၂၅၅၀ | ၂၅၁၅ | ၂၅၄၀ | ၂၇၉၅ |
| HSD (50 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၀၅ | ၃၀၃၀ | ၄၈၃၀ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |
| HSD (10 ppm) | ၂၉၆၀ | ၃၀၇၅ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၀၅ | ၃၀၃၀ | - | ၃၃၂၅ | ၃၀၅၀ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၇၉ | ၂၆၆၄ |
| 95 Ron | ၂၆၃၄ | ၂၇၂၁ |
| HSD (500 ppm) | ၂၂၄၁ | ၂၃၁၆ |
| HSD (50 ppm) | ၂၇၉၂ | ၂၈၇၈ |
| HSD (10 ppm) | ၂၇၉၂ | ၂၈၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဋ္ဌေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊** ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News
Presented by NPE
www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စစ်ကိုင်းမြို့ရှိ ရတနာစေတီဆင်များရှင်ဘုရားအား ကြည့်ရှုစစ်ဆေးစဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စစ်ကိုင်းမြို့ (အင်း၀)တံတား ပြိုကျပျက်စီးခဲ့မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြိုကျပျက်စီးခဲ့သည့် တံတားသံပေါင်များကို ရှင်းလင်းဖယ်ရှားနိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ယာယီနေရာချထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## လိုအပ်သည်များ လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဓိကရေလမ်းကြောင်းများပေါ်တွင် ကျရောက်လျက်ရှိသည့် တံတား အပိုင်း ၄ နှင့် ၅ တို့မှ သံပေါင်များကို မိုးမကျမီကာလအတွင်း ဆယ်ယူဖယ်ရှားနိုင်ရေးလုပ်ငန်းများ အမြန်ဆုံး စတင်ဆောင်ရွက်၍ ရေလမ်းကြောင်း အစုန်/အဆန် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရတနာစေတီဆင်များရှင် ဘုရားကြီးသို့ရောက်ရှိပြီး အပျက်အစီးများ ရှင်းလင်းနေမှုအပေါ် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်း၌ နေရာချထားမှုများနှင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ပြုပြင်၍ရနိုင်သေးသည့် ကျောင်းဆောင်များအား ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျ ပြန်လည်ပြုပြင်ပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊ ပြုပြင်၍မရသည့် အန္တရာယ်ရှိကျောင်းဆောင်များကို စနစ်တကျဖြိုချသွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး ယာယီဆေးရုံအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။**

## ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် သံဃာတော်များ၊ သီလရှင်ဆရာလေးများနှင့် ဒေသခံပြည်သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများနှင့် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက် ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကားပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်တွင် အဆောက်အအုံပျက်စီးနေမှုများ ရှင်းလင်းဖယ်ရှားဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားကွင်း၌ အခြေပြု၍ ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန်ရောက်ရှိနေသည့်မလေးရှားနိုင်ငံမှ ဆေးကုသရေးအဖွဲ့များ၏ ယာယီဆေးရုံ ဆောက်လုပ်လျက်ရှိသည့် နေရာသို့ရောက်ရှိကြပြီး ဆေးကုသရေး အဖွဲ့များအား ရင်းရင်းနှီးနှီး တစ်ဦးချင်း နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

### အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး မလေးရှားနိုင်ငံမှ ဆေးကုသရေးအဖွဲ့များအတွက် သစ်သီးခြင်းများကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင်က လက်ခံရယူပြီး မလေးရှားနိုင်ငံဆေးကုသရေးအဖွဲ့၏ အထိမ်းအမှတ်တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ သီတဂူဝိပဿနာကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရအား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော် မွေတော်များ ကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀၀ နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာ ဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူအပေါင်းတို့ရရှိစေရန် အမျှပေးဝေကြသည်။

### ရှင်းလင်းဖယ်ရှား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင် စေတီတော်တွင် အဆောက်အအုံ ပျက်စီးနေမှုအား ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်နေမှု၊ ရိုင်တန်းရပ်ကွက်ရှိ မဟာစေတီတော်အား

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၂၀၀ နှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ တို့ကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်သင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန်အတွက် ယာယီဆေးရုံဆောက်လုပ်လျက်ရှိသည့် မလေးရှားနိုင်ငံမှ ဆေးကုသရေးအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် မဟာစေတီတော်အား လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုကို ကြည့်ရှုစဉ်။

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေး ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု များ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ် ရွှေကြက်ကျ မြတ်စွာဘုရားရှိ ဗုဒ္ဓရုပ်ပွား တော်မြတ် ထိခိုက်ပျက်စီးမှု အခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။









နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ မဟာမုနိဘုရားကြီး စောင်းတန်းနှင့် သာသနိကအဆောက်အအုံများ ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

လုံးတော်ပြည့်ငုံ၍ ပြုပြင်မွမ်းမံတည်ဆောက်နေမှုနှင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

### ကပ်လှူပူဇော်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်သည်။

### လမ်းညွှန်မှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ငလျင်ဒဏ်ကြောင့် ဗုဒ္ဓရုပ်ပွားတော်မြတ် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရှေးမူလက်ရာအတိုင်း ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကမ်းနားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၆ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားရှိ ရေးဟောင်းတံခါးနှင့် ကျောက်စာရုံများအား ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးစောင်းတန်းနှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြင်ဆင်မှုလုပ်ငန်းများအား မိုးမကျမီ ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားရန် လိုကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းအမွေအနှစ်များ ဖြစ်သဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် ဘုရားကြီးစတင်တည်ထားချိန်ကာလကတည်းက တပ်ဆင်ထားရှိသည့် အမြင့် ၁၇ ပေ ၄ လက်မ၊ အနံ ၅ ပေ ၂ လက်မ၊ ခန့်မှန်းအလေးချိန် ၀ ဒသမ ၈၅ တန်ရှိသော ရှေးဟောင်းတံခါးကြီး နှစ်ချပ်အနက် တစ်ချပ်သည် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားချိန်၌ အပေါ်အောက်ရွေ့လျား လှုပ်ခတ်၍ တပ်ဆင်ထားသည့် နေရာမှ ပြုတ်ထွက်မှု ဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းတံခါးနှင့် ကျောက်စာရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုတ်ထွက်မှုဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းတံခါးကြီးကို မူလနေရာ၌ရှေးမူမပျက် ပြန်လည်တပ်ဆင်သွားရန်နှင့် ကျောက်စာရုံများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် 

## စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့ရှိ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား သီးခြားစီတွေ့ဆုံ၍ ငလျင်ဘေးဒဏ်ထိခိုက်မှုများကြောင့် ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေများပေးအပ်

နေပြည်တော် ဧပြီ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်ကိုင်းမြို့ရှိ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများကို စစ်ကိုင်းမြို့ရှိ အသင်္ချာဉာဏ်ရိပ်သာ အစည်းအဝေးခန်းမတွင် လည်းကောင်း၊ မန္တလေးမြို့ရှိ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ လည်းကောင်း သီးခြားစီတွေ့ဆုံ၍ ငလျင်ဘေးဒဏ်ထိခိုက်မှုများကြောင့် ပျက်စီးမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းမြို့ရှိ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၅၀ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူစဉ်။

**“ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်မိမိတို့နိုင်ငံ၌ အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ခ်)တာစကေး ၈ အဆင့်ထိခံနိုင်သည့် အဆောက်အအုံ၊ လမ်းတံတားများဖြစ်အောင် တည်ဆောက်သွားကြရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့လက်ထက်တွင် စနစ်တကျတည်ဆောက်မှုများသည် မိမိတို့၏ နောင်လာနောက်သား မျိုးဆက်များအတွက်ပင်ဖြစ်သဖြင့် ရေရှည်ကိုကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်မှာ ရှောင်လွှဲ၍မရကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးသွားသည့် အဟောင်းများနေရာတွင် အသစ်များဖြင့် အစားထိုးတည်ဆောက်နိုင်ရုံသာမက ယခင်ထက် ပိုမိုသာလွန်ကောင်းမွန်စွာ တည်ဆောက်သွားမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်လို”**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းမြို့နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု များပြားခဲ့ကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမှတစ်ဆင့် မိမိတို့အတွက် သင်ခန်းစာများလည်း ရရှိခဲ့ကြောင်း၊ အဆိုပါသင်ခန်းစာများကို ဖော်ထုတ်၍ နောင်အချိန်တွင် ယခုကဲ့သို့ထပ်မံကြုံတွေ့ရချိန်၌ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နည်းပါးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သဘာဝဘေးမှာ ရှောင်လွှဲ၍ မရသော်လည်း ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိတို့နိုင်ငံ၌ သဘာဝဘေးဒဏ်များ ကျရောက်ခဲ့ချိန်များတွင် မိမိတို့အနေဖြင့် အခက်အခဲများကြားမှ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မိုခါမုန်တိုင်းဝင်ရောက်ခဲ့ချိန်နှင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ချိန်၌လည်း သဘာဝဘေးဒဏ်ကို ခံစားခဲ့ရပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း။

### Video Message ရိုက်ကူး၍ နိုင်ငံတော်နှင့် နိုင်ငံတကာသို့ အသိပေး

မိမိအနေဖြင့် ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ချက်ချင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်စေခဲ့ကြောင်း၊ အခြေအနေအား သုံးသပ်၍ ငလျင်ဒဏ်သင့်ဒေသများအား အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း၊ ချက်ချင်း Video Message ရိုက်ကူး၍ နိုင်ငံတော်နှင့် နိုင်ငံတကာသို့ အသိပေးခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီများ အချိန်ပိုင်းအတွင်း အမြန်ဆုံးပေးပို့ခဲ့သဖြင့် အချို့ပိတ်မိနေသူများကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ကြောင်း၊ အားလုံးမှ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုအခြေအနေသို့ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

### တံတားသံပေါင်အချို့ ဖယ်ရှားနိုင်ရေး ဆောင်ရွက်လျက်ရှိ

ယခု လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးသည် မိမိတို့နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ၁၉၀၀ ပြည့်နှစ်နောက်ပိုင်း ငလျင်များအနက် ဒုတိယအပြင်းဆုံး လှုပ်ခတ်ခဲ့သည့် ငလျင်ကြီးပင်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအဆောက်အအုံများနှင့် လမ်းတံတားများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ စစ်ကိုင်းမြို့(အင်းဝ)တံတားအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် အဆိုပါတံတားမှ ပြိုပျက်ခဲ့သည့် သံပေါင်အချို့အား မိုးရာသီမတိုင်မီ ဖယ်ရှားနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တံတားကိုလည်း ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

**ဘီလပ်မြေ၊ သံနှင့် သွပ်များ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချပေးမည်**

မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ပျက်စီးသွားသည့် အဆောက်အအုံများ ရှင်းလင်းရေးနှင့် ပြန်လည်ဆယ်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်မှလည်း ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဘီလပ်မြေ၊ သံနှင့်သွပ်များကိုလည်း နိုင်ငံတော်မှ သင့်လျော်သည့် ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လူနေအိမ်များအတွက်လည်း အမျိုးအစားများအလိုက် သင့်လျော်သည့်နှုန်းထားများဖြင့် ငွေကြေးများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသကဲ့သို့ မိမိတို့ကိုယ်တိုင်မှလည်း ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နေရာချထားမှု Town Plan များ စနစ်တကျ ပြန်လည်ရေးဆွဲပြီး မြို့၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း ကောင်းစေချင်သည့်စိတ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မြို့တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီသည့် လမ်းများ၊ မြို့ကွက်များဖြစ်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ ခရိုင်အဆင့် တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ရစ်(ခ်)တာစကေး ၈ အဆင့်ထိ ခံနိုင်သည့် အဆောက်အအုံများ တည်ဆောက်ရန်လို**

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်မိမိတို့နိုင်ငံ၌ အမြင့်ဆုံးလှုပ်ခတ်ခဲ့သည့် ရစ်(ခ်)တာစကေး ၈ အဆင့်ထိခံနိုင်သည့် အဆောက်အအုံ၊ လမ်းတံတားများဖြစ်အောင် တည်ဆောက်သွားကြရန် လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အင်ဂျင်နီယာရှုထောင့်မှကြည့်၍ အင်ဂျင်နီယာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ပြီး ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ လက်ထက်တွင် စနစ်တကျတည်ဆောက်မှုများသည် မိမိတို့၏ နောင်လာနောက်သား မျိုးဆက်များအတွက်ပင် ဖြစ်သဖြင့် ရေရှည်ကိုကြည့်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သဘာဝဘေး အန္တရာယ်မှာ ရှောင်လွှဲ၍မရကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပျက်စီးသွားသည့် အဟောင်းများနေရာတွင် အသစ်များဖြင့် အစားထိုး တည်ဆောက်နိုင်ရုံသာမက ယခင်ထက် ပိုမိုသာလွန်ကောင်းမွန်စွာ တည်ဆောက်သွားမည်ဟူသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

ငလျင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်သကဲ့သို့ မိမိတို့ဒေသအလိုက်ရှိ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များနှင့် MSME ထုတ်ကုန်များကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဒေသတွင်းထုတ်ကုန်များ တိုးတက်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက်ရှိ ပြည်သူလူထုကို နားလည်သိရှိအောင် တိုက်တွန်းပြောကြား၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း။

**Green City ၊ Clean City ၊ Smart City ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်း**

ငလျင်ဘေးဒဏ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Green City ၊ Clean City ၊ Smart City ဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဒေသတွင်း ပညာတတ်များ ပေါ်ကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပညာတတ်များ ပေါ်ကြွယ်ဝရေးအတွက် လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အသက်အရွယ်ကြီးရင့်ပြီး အတန်းပညာမတက်ရောက်ခဲ့ရသူများအတွက်လည်း စာကြည့်တိုက်များ၊ ပညာပေးအစီအစဉ်များနှင့် ကျောင်းပြင်ပ ပညာရေးကို ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း။

**ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး အဖြစ် အဆင့်မြှင့်တင်တည်ဆောက်**

ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စစ်ကိုင်းမြို့နှစ်(၇၀၀) အားကစားကွင်းကြီးကိုလည်း ပွဲကြည့်စင်ပါဝင်သည့် အဆင့်မီအားကစားကွင်းကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှဒေသအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ဒေသတွင်း နေထိုင်သူများအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်ပေးသွားကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါရပ်ရွာတွင် နေထိုင်ကြသူများတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် တိုးတက်စေရေး အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ငွေကျပ် ဘီလီယံ ၅၀ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၅၀ ကိုပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၆၀ ကို ပေးအပ်ရာ ရပ်မိရပ်ဖ တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

ယင်းနောက် ရပ်မိရပ်ဖများက ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ပြီးချိန်တွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် မိမိတို့ဒေသများသို့ နှစ်ကြိမ်တိုင်တိုင် လာရောက်ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လာရောက်ဝိုင်းဝန်း ဆောင်ရွက်ပေးမှုအပေါ် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး မမျှော်လင့်သောရန်ပုံငွေများ ပေးအပ်မှုအတွက်လည်း ရပ်မိရပ်ဖများအနေဖြင့် အထူးကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း ပြောကြားပြီး စာသင်ကျောင်းများ ပြန်လည်ပြင်ဆင်ပေးရန် လိုအပ်မှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ဖယ်ရှားရှင်းလင်းရန်အတွက် စက်ပစ္စည်းကိရိယာများ ထပ်မံလိုအပ်မှု အခြေအနေများကို အသီးသီး ပြောကြားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❍ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းမြို့ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအား ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်၊ အလားတူ စစ်ကိုင်းမြို့နှစ်(၇၀၀) အားကစားကွင်းကြီးကိုလည်း ပွဲကြည့်စင်ပါဝင်သည့် အဆင့်မီ အားကစားကွင်းကြီးအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်၊ နိုင်ငံတော်မှ ဒေသအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ဒေသတွင်း နေထိုင်သူများအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်ပေးသွားကြစေလို၊ မိမိတို့ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဆိုပါရပ်ရွာတွင် နေထိုင်ကြသူများတွင် တာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် တိုးတက်စေရေး အားလုံးမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်း**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမှဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဝန်ကြီးဌာနများ၏ ယာယီရုံးဖွင့်လှစ်၍ ရုံးလုပ်ငန်းများ ပြည့်ဝစွာလည်ပတ်နိုင်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေး

**နေပြည်တော် ဧပြီ ၁၉**

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မဏိရတနာ ကျောက်စိမ်းခန်းမ တို့သို့သွားရောက်၍ ယာယီရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ကော်မတီဥက္ကဋ္ဌ အနေဖြင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သင်္ကြန်ရုံးပိတ်ရက်ကာလ ပြီးဆုံးပြီး ရုံးများပြန်လည်ဖွင့်လှစ်ချိန်တွင် ရုံးလုပ်ငန်းများ ပြည့်ဝစွာလည်ပတ်နိုင်ရေး၊ ဝန်ထမ်းများ စနစ်တကျ ရုံးတက်ရောက်နိုင်ရေး အတွက်မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဝန်ကြီးဌာနများအနေဖြင့် ရုံးများ ပြန်လည်ပြုပြင်ရာတွင် သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ပြုပြင်ဆောင်ရွက်ရေး၊ နိုင်ငံတော်ပိုင်ပစ္စည်းများ ပျောက်ဆုံးမှုမရှိအောင် လုံခြုံရေးစနစ်တကျထားရှိ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့၌ ရေကြောင်းလူငယ်အခြေခံသင်တန်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး

**ဘားအံ ဧပြီ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့၌ ရေကြောင်းလူငယ်အခြေခံသင်တန်း(၁/၂၀၂၅) ကို ဧပြီ ၂၂ ရက်မှ မေ ၁၂ ရက်အထိ ကျောင်းသားကျောင်းသူ ၁၄၀ ဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ရာ သင်တန်းဖွင့်လှစ်နိုင်ရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းက သင်တန်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများ အခြေခံရေကူးနည်းပညာများ သင်ကြားပို့ချလေ့ကျင့်နိုင်ရေး ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဖွဲ့ကပင်ရေကူးကန်အား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေ၊ ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ ဘားအံမြို့ ကန်သာယာရေပြင်၌ လှေလှော်၊ ရွက်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ တောင်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် ဟိန်းဇဲဒေသမှ သင်တန်းနည်းပြအရာရှိ၊ အရာခံများက ကြိုတင်ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြား၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းကျင်းပမည့် ဘားအံတက္ကသိုလ်၌ ရေကြောင်းလူငယ်အခြေခံသင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းကာလ အာဟာရပြည့်မီပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ နေ့အလိုက် ချက်ပြုတ်ကျွေးမွေးနိုင်ရေး စားဖိုဆောင်နှင့် စားဆောင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာသင်ဆောင်၊ သင်တန်းပို့ချမည့် ဘာသာရပ်၊ အချိန်စာရင်း၊ စစ်ရေးပြကွင်းအဖြစ်အသုံးပြုမည့်နေရာ၊ ဘားအံတက္ကသိုလ် ပတ္တမြားနယ်မြေရှိ နဝရတ်ဆောင်နှင့် ပုလဲဆောင်တို့ကို အမျိုးသား၊ အမျိုးသမီး ခွဲခြားတည်းခိုနေထိုင်ရေးအတွက် ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှု ရှိ မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကရင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန (၂၀၂၄- ၂၀၂၅) ပြည်နယ် ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်သော Youth Centre(လူငယ်စင်တာ)(၁၄၀ပေx၈၀ပေ) RC သုံးထပ်အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးရာသီကာလ အနိမ့်ပိုင်းလူနေရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ လျော့နည်းသက်သာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ၃၂၈ ဒသမ ၇ သန်းဖြင့် ဘားအံမြို့ အမှတ်(၆) ရပ်ကွက် လုပ်သားလမ်းဘေးဝဲယာ အုတ်စီရေမြောင်း၊ ပလက်ဖောင်းပြုလုပ်ခြင်း ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များ ကြိုတင်သတိပြုစေလို

— — — မောင်သောင်းဝင်း(တမန်ဟောင်း) — — —

**မြန်မာနိုင်ငံတစ်ဝန်း၌ မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလတို့တွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်သည်။ ထိုမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။**




ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှစ၍ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားရန် လိုအပ်ပါသည်။ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုရန် လိုအပ်သည်။

**ဖြစ်ပွားတတ်**

နှစ်စဉ်မိုးကြိုကာလများဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် အပူချိန်မြင့်တက်မှုဒဏ်ခံရခြင်း၊ သောက်သုံးရေ ရှားပါးခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့ရခြင်း စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံနှင့် ကြုံတွေ့ရလေ့ရှိသည်။ အထူးသဖြင့် မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် မိုးတိမ်တောင်များကြောင့် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခြင်း၊ ရေဆင်နှာမောင်းတိုက်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်းဟူသည့် ရာသီဥတု၁၀မျိုးဖြစ်ပေါ်တတ်သည်။ ထိုရာသီဥတုဖြစ်စဉ်များကြောင့် သစ်ပင်များလဲခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လူနေအိမ်နှင့်စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းတို့အပြင် လူနှင့် တိရစ္ဆာန်များသေကျေ၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားတတ်သည်။

ထို့ပြင် မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်မိုးကြီးခြင်းတို့ဖြစ်တတ်သည်။ မိုးကြိုးပစ်ခြင်းကြောင့် လူနှင့်တိရစ္ဆာန်များသေကျေ၊ ထိခိုက်ခြင်း၊ မိုးကြီးခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခြင်းကြောင့် ခရီးသည်တင်သင်္ဘောများနှင့် ငါးဖမ်းလှေများ တိမ်းမှောက်ခြင်း၊ လူများပျောက်ဆုံးခြင်း၊ မိုးရွာသွန်းမှုကြောင့် တောင်ပေါ်ဒေသများတွင် မြေပြိုခြင်း၊ ချောင်းရေများပြည့်လျှံပြီး လူနှင့် တိရစ္ဆာန်များ မျောပါခြင်းများ ဖြစ်ပေါ်တတ်သည်။

**တိရစ္ဆာန်များက သတိပေး**

ကျေးလက်နေတောင်သူများသည် မိုးကို မျှော်၍ ထွန်ယက်စိုက်ပျိုးကြရသည်။ နွေရာသီရောက်လျှင် မိုးဦး လေဦးကာလအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လေ့ရှိသည်။ မိုးကြိုကာလတွင် တိရစ္ဆာန်များ၊ အထူးသဖြင့် ငှက်များ၏ နေထိုင်မှုပုံစံကို ကြည့်၍ လေပြင်းတိုက်ခတ်နိုင်သည်၊ မိုးကြီးနိုင်သည်ကို ကြိုတင်သိနိုင်သည်။ သာဓကအနေဖြင့် ကျီးများသည် အသိုက်ကို သစ်ပင်ခွဆုံတွင် လုပ်ထားမည်၊ ထူထူထဲထဲ အသိုက်ဆောက်ထားမည်ဆိုလျှင် ထိုနှစ်တွင် လေပြင်းမုန်တိုင်းကျတတ်ပြီး မိုးလည်းကြီးတတ်သည်။

ငှက်များသည် သစ်ပင်ကိုင်းဖျားတွင် အသိုက်လုပ်ထားမည်ဆိုလျှင် လေပြင်းအန္တရာယ်ကို စိုးရိမ်စရာ မလိုပေ။ ပုရွက်ဆိတ်များသည် အုပ်စုလိုက် အမြင့်ပိုင်းကို ရွှေ့နေမည်ဆိုလျှင်၊ အစာများကို သယ်နေမည်ဆိုလျှင် မိုးကြီးမည်၊ ရေကြီးတတ်သည်။ အချိန်အခါမဟုတ် ဖားများအော်နေမည်ဆိုလျှင် လျောင်လည်း လှုပ်တတ်သည်။ ရေထည့်ထားသော စဥ့်အိုးများအောက်မှ ဖားများ အော်နေပြီဆိုလျှင်၊ ပုစဉ်းရင်ကွဲများ အဆက်မပြတ် အော်နေပြီဆိုလျှင်၊ ပျံလွှားများ ခပ်နိမ့်နိမ့် ပျံနေပြီဆိုလျှင်၊ ပုစဉ်းများ မြေကြီးနှင့် ကပ်လျက်ပျံနေပြီဆိုလျှင်၊ ညဘက်တွင် တောက်တဲ့များ အဆက်မပြတ် အော်နေပြီဆိုလျှင် တစ်ရက်နှစ်ရက်အတွင်း မိုးရွာတတ်သည်။ တိရစ္ဆာန်များ အိပ်တန်းစောစော ဝင်နေပြီဆိုလျှင် လေပြင်းတိုက်ခတ်တတ်သည်။

**ကြိုတင်ပြင်ဆင်ထားသင့်**

ထို့ကြောင့် မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလတို့တွင် ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။ စာရေးသူတို့မိဘများသည် မိုးကြိုကာလတွင် အိမ်အမိုးများ၊ ခေါင်ချုပ်များ ခိုင်ခံ့အောင် ချည်နှောင်မှုပြုလုပ်သည်။ ဆွေးမြည့်နေသော အိမ်တိုင်များကို အစားထိုးလဲလှယ်သည်။ ချက်ပြုတ်ရန် ထင်းများစုဆောင်းပြီး အမိုးအကာအောက်သို့ ရွှေ့ပြောင်းထားရသည်။ လူတို့အတွက် စားရေရိက္ခာအပြင် ကျွဲ၊ နွားများအတွက် အစာများကိုလည်း အမိုးအကာအောက်သို့ ရွှေ့ပြောင်းသိုလှောင်ထားသည်။ အထူးသဖြင့် လူနှင့်တိရစ္ဆာန်တို့အတွက် သောက်သုံးရေကို လုံလောက်စွာ သိုလှောင်ထားရှိသည်။

ကျေးလက်နေ တောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများနှင့် ကျွဲ၊ နွားများအတွက် မြက်ခြောက်များ၊ ကောက်ရိုးများကို အမိုးအကာအောက်သို့ လုံခြုံစွာရွှေ့ပြောင်းထားသင့်သည်။ လူနှင့် တိရစ္ဆာန်များအတွက် သောက်သုံးရေစုဆောင်းထားသင့်သည်။ ထို့ပြင် စားရေရိက္ခာလုံလောက်အောင်လည်း ကြိုတင်စုဆောင်းထားသင့်ပေသည်။ ရေလုပ်သားကြီးများအနေဖြင့် ကမ်းခြေနှင့် ဝေးကွာလွန်းသောနေရာများသို့ ငါးဖမ်းမထွက်သင့်ပေ။ ငါးဖမ်းလှေများကို ခိုင်ခံ့စွာချည်ထားခြင်း၊ ကျောက်ချထားခြင်းများ ဆောင်ရွက်သင့်သည်။ မိုးသက်မုန်တိုင်း ကျရောက်လျှင် မီးပျက်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ဓာတ်မီး၊ မီးခြစ်၊ ဖယောင်းတိုင်၊ မီးသွေး စသည့်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ ထိခိုက်ဒဏ်ရာရရှိလျှင် အရေးပေါ် ပြုစုကုသနိုင်ရန်အတွက် အိမ်တွင်းသုံး ဆေးဝါးများ၊ ပတ်တီးများကိုလည်း အသင့်ပြင်ထားသင့်ပေသည်။ အထူးသဖြင့် အရေးကြီးသော စာရွက်စာတမ်းများနှင့် တန်ဖိုးရှိသောပစ္စည်းများကို မိုးရေမစိုအောင် ပလတ်စတစ်အိတ်များဖြင့် လုံခြုံစွာ အထပ်ထပ်ထုပ်ပိုး သိမ်းဆည်းထားသင့်သည်။

**သဘာဝဘေးအန္တရာယ် ကြိုတင်သတိပြု**

လက်ရှိအချိန်တွင် လူသားတို့၏ ပယောဂကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ခပ်စိပ်စိပ်ဖြစ်ပေါ်လာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပြင်းထန်များပြားလာခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်မှုများ၊ အင်အားပြင်းထန်သော လေမုန်တိုင်းကြီးများ တိုက်ခတ်မှုများနှင့် အပူလှိုင်းဖြတ်မှုများသည် အကြိမ်ရေ ပိုမိုများပြားလာခဲ့သည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။

အထူးသဖြင့် မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့် မေလတို့တွင် လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းလာပြီဆိုလျှင် ဓာတ်ကြိုးများ ပြတ်တောက်ပြီး မြေကြီးပေါ်သို့ ကျနေတတ်သည်။ လျှပ်စစ်စီးဝင်နေသော ဓာတ်ကြိုးစနှင့် ထိမိမည်ဆိုလျှင်ဓာတ်လိုက်ခံရမည်ဖြစ်သည်။ ဗို့အားပြင်းလျှင် သေဆုံးမည်ဖြစ်သည်။ ထို့ကြောင့် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းနေသည့်အချိန်တွင် ကလေးများ နေအိမ်အပြင်ဘက်သို့ မထွက်စေရန် အထူးဂရုစိုက်သင့်ပေသည်။

မိုးသက်လေပြင်းတိုက်နေလျှင် လွင်တီးခေါင်ကွင်းပြင်များသို့ထွက်မည်ဆိုလျှင်၊ သစ်ပစ်ကြီးများအောက်သို့ ဝင်မည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ ထို့ပြင် မိုးကြီး၊ လေကြီးကျနေချိန်တွင် လွင်တီးခေါင်ကွင်းပြောင်၌ တယ်လီဖုန်းပြောဆိုမည်ဆိုလျှင် မိုးကြိုးပစ်ခံရတတ်သည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးသည့် လူနှင့်တိရစ္ဆာန်အရေအတွက် များပြားလျက်ရှိသည်။ အထူးသဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ နှစ်စဉ် မိုးကြိုးပစ်ခံရမှုကြောင့် လူထိခိုက်သေဆုံးမှုများပြားလျက်ရှိသည်။

ထို့ပြင် မိုးရွာသွန်းပြီးချိန်တွင် ညဘက်၌ ဓာတ်မီးမပါဘဲ အမှောင်ထဲသွားမည်ဆိုလျှင် မြွေနှင့် ကင်းတို့၏ အန္တရာယ်ကို ကြောက်ရသည်။ တွင်းအောင်းသတ္တဝါများဖြစ်သည့် မြွေနှင့်ကင်းတို့သည် မိုးရွာပြီးသည်နှင့် အပြင်သို့ ထွက်တတ်ကြသည်။ မိုးသက်လေပြင်းတိုက်နေလျှင် လျှပ်စစ်မီးခလုတ်များ၊ တီဗွီများကို ပိတ်ထားသင့်သည်။ မိုးလေကင်းစင်သွားသည့်အချိန်တွင်လည်း လျှပ်စစ်ဓာတ်အားလိုင်းများ၊ မီးကြိုးများ၊ ခလုတ်များကို စနစ်တကျ စစ်ဆေးပြီးမှသာ ပြန်လည်အသုံးပြုသင့်သည်။ လျှပ်စစ်အန္တရာယ်ကိုလည်း သတိပြုရမည်။

မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထိုသို့ဖြစ်ပွားလျှင် သဘာဝဘေးအန္တရာယ်များ၏ နောက်ဆက်တွဲအနေဖြင့် အဆောက်အအုံများ ပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်သော မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားရန်နှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားနိုင်ရန် လိုအပ်ပါကြောင်း တိုက်တွန်းအကြံပြုလိုပါသည်။ ။

**❑ မိုးကြိုကာလဖြစ်သည့် ဧပြီလနှင့်မေလတို့တွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ မိုးရွာသွန်းမှုမှုမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ ထိုသို့ဖြစ်ပွားလျှင် သဘာဝဘေးအန္တရာယ်များ၏ နောက်ဆက်တွဲအနေဖြင့် အဆောက်အအုံများ ပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ သေကျေထိခိုက်ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် မိုးကြိုကာလတွင် ဖြစ်ပေါ်လာနိုင်သော မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားရန်နှင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားနိုင်ရန်လိုအပ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ငလျင်ဒဏ်သင့်အဆောက်အအုံများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများပြန်လည်နေထိုင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် မြေနေရာ၌ သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့် ဝန်ထမ်း ၈၀ နှင့် မိသားစုများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်း ၆၀ နှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် နှစ်ခန်းတွဲ အိမ်ရာများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မေလပထမပတ်အတွင်း ပြီးစီးအောင် တည်ဆောက်ကြရန်၊ ရေ၊ မီးရရှိရေးနှင့် မိလ္လာစနစ်ကောင်းမွန်စေရန် မှာကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရုံး အဆောက်အအုံပြန်လည်ပြုပြင်နေမှုများ၊ ရုံးအဝင်လမ်းပြုပြင်ပြီးစီးမှု၊ ရုံးဝန်းကျင်ရှိ ဆည်တမံပြန်လည်ပြုပြင်နေမှု၊ ဝန်ထမ်းစားရိပ်သာ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား သောက်သုံးရေရရှိရေး အမြန်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အပြာရောင်အဆင့်သတ်မှတ်ထားပြီး လူနေထိုင်ရန် သင့်တော်သော အဆောင်များဖြစ်သည့် ကံ့ကော်ဝန်ထမ်းအိမ်ရာ တိုက်အမှတ် (၂၆၀)၊ သဇင် (၁) အဆောင် (၆) အပျိုဆောင်၊ သဇင် (၅) အဆောင် (၁၁) နှင့် အဆောင် (၁၂) လူပျိုဆောင်၊ သဇင် (၄) အဆောင် (၈) (၉) အပျိုဆောင်များ၊ တိုက်အမှတ် (၁၁၁၅)၊ တိုက်အမှတ် (၆၂၀၄) နှင့် တိုက်အမှတ် (၆၁၀၅) အရာထမ်းအိမ်ရာများသို့ သွားရောက်၍ အဆောက်အအုံများ၏ ထိခိုက်မှုအခြေအနေ၊ ဝန်ထမ်းများနေထိုင်ရန် အဆင်ပြေစိတ်ချရမှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီးက ရုံးဖွင့်ဖွင့်ချင်း ဝန်ထမ်းများ နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ ရေ၊ မီးကိစ္စများ အဆင်ပြေစေရေးနှင့် အသေးစားပျက်စီးမှုများကို အမြန်ပြုပြင်ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)၏ ထင်ရှားသည့် နှစ်သစ်ကူး သင်္ကြန်ကာလ ဧည့်သည်ခေါ်ဘုရားပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှု ကြည့်ရှုအားပေး

**မော်လမြိုင် မေ ၁၉**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မေ ၁၉ ရက် နံနက်ပိုင်းက ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာရှိ ကျိုက်တမော့လဲ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)၏ ထင်ရှားသည့် နှစ်သစ်ကူးသင်္ကြန်ကာလ ဧည့်သည်ခေါ်ဘုရားပွဲတော်များကို လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်က စတင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ နှစ်သစ်ကူးသင်္ကြန်ကာလ ဧည့်သည်ခေါ် ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုတို့ကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း နှစ်သစ်ကူး သင်္ကြန်ကာလ ဧည့်သည်ခေါ် ဘုရားပွဲတော်များ ကိုယ့်ရပ်ကိုယ့်ရွာ ဘုရားပွဲတော်မှာ မိမိနေအိမ်သို့ လာရောက်သည့် ဧည့်သည်များကို မိမိနှင့်သိသည်ဖြစ်စေ မသိသည်ဖြစ်စေ အကျွေးအမွေးများဖြင့် ရွာလုံးကျွတ်ဧည့်ခံကျွေးမွေးကြကြောင်း၊ အိမ်တိုင်းအိမ်တိုင်းတွင်လည်း ဘုရားဖူးလာရောက်လည်ပတ်ကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံနိုင်ရန် ဖွယ်ဖွယ်ရာရာဖြင့် ပြင်ဆင်ထားရှိပြီး တည်ခင်းဧည့်ခံကျွေးမွေးသူများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၉

**မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၁၉ ရက်အထိ သေဆုံးသူ ၃၆၇၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၄ ဦးနှင့် ပျောက်ဆုံးသူ ၁၂၁ ဦး ရှိသည်။**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ကာ သေဆုံးသူ ၇၅၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၈ ရက် ည ၇ နာရီမှ မေ ၁၉ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ International Organization For Migration (IOM)မှ ထောက်ပံ့ပေးမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ ခြင်ထောင်များ၊ စုစုပေါင်း တန်ချိန် ၁၁ ဒသမ ၁၅၅ တန်နှင့် Buddhist Tzu Chi Charity Foundation မှ ထောက်ပံ့ပေးသည့် အိပ်ရာများ၊ စုစုပေါင်းတန်ချိန် ၁ ဒသမ ၁၆၃ တန် အသီးသီး ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၁၉

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နိုင်ရန် နှစ်ခန်းတွဲဘာရှာအဆောက်အအုံများ ဆောက်လုပ်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၉**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်နိုင်ရန်အတွက် ဝန်ကြီးဌာနရုံးအနီးတွင် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်ထားသည့် မြေနေရာသို့ သွားရောက်ကာ နှစ်ခန်းတွဲဘာရှာအဆောက်အအုံများတည်ဆောက်ရန် နေရာချထားမှုများ၊ မြေညှိခြင်းဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နှစ်ခန်းတွဲဘာရှာအဆောက်အအုံများ တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်အောင် ဆောက်လုပ်ပေးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများပြောင်းရွှေ့နေထိုင်သည့်အခါ သောက်ရေသုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိုလည်း တစ်ပါတည်း စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မိလ္လာအညစ်အကြေး စွန့်ပစ်မှုကိုလည်း မြေနေရာသေချာရွေးချယ်၍ ကျန်းမာရေးနှင့်ညီညွတ်မှုရှိအောင် စနစ်တကျဆောက်လုပ်ပေးကြရန်နှင့် ဆောက်လုပ်မှုများကို ဧပြီ ၂၀ ရက်တွင် စတင်ဆောင်ရွက်ကြရန်နှင့် မေ ၂၅ ရက်တွင် ပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် နေရာချထားမည့် ယာယီနေထိုင်ရန်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ နေထိုင်စဉ် အဆင်ပြေစေရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဧရာဝတီမြစ်ရေကြီးရေလျှံမှုမှ မြစ်ကြီးနားမြို့အား ကာကွယ်နိုင်ရေး ရေလျှံတားအုတ်ရိုးစီကာရံခြင်း အလျားအရှည်ပေ (၅၉၀၀) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ရေထိန်းတမံလုပ်ငန်းများ အချိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဧပြီ ၁၉**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ကျောက်စီရေထိန်းနံရံများ၊ ရေထိန်းတံခါးများနှင့် ရေလျှံတားနံရံများကို မြစ်ကမ်းပါးတစ်လျှောက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိသည့်အပြင် မြို့နေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက် ၈ နာရီက တာဝန်ရှိသူများနှင့်အတူ ကမ်းနားလမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မြစ်ရေကြီးမြင့်မှုမှ ကာကွယ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် မြို့နေပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် မတ် ၈ ရက်က ပန္နက်တင်၍ စတင်ဆောင်ရွက်လျက်ရှိသော မင်းရပ်ရပ်ကွက်၊ စည်ပင်သာယာဆိပ်ကမ်းမှ စီတာပူရပ်ကွက်၊ အင်ဂျန်းခချောင်းနေရာအထိ တည်ဆောက်ပြီး ကျောက်စီမြေထိန်းနံရံပေါ်တွင် အလျားပေ ၅၉၀၀ အား မြစ်ရေအမြင့်ဆုံးမြင့်တက်မှု ၁၄၅၀ စင်တီမီတာအထိ ကာကွယ်နိုင်သော ရေလျှံတားအုတ်ရိုးစီ ကာရံခြင်းလုပ်ငန်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ အပိုင်း (၂) နေရာဖြစ်သည့် ရောရပ်ကွက် We Love Myitkyina ဆိုင်းဘုတ်မှ နန်းသီတာဟိုတယ်ရှေ့အထိ အလျား ၂၁၅၅ ပေအား အုတ်ရိုးစီခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျန်ရှိသည့် နန်းသီတာဟိုတယ်ရှေ့မှ အင်ဂျန်းခချောင်းအထိ အလျားပေ ၂၄၅၀ အား အချိန်အဟုန်ဖြင့် တစ်ဆက်တည်း ဆက်လက် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကမ်းနားလမ်းတစ်လျှောက် အုတ်ရိုးစီခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး We Love Myitkyina မှ စည်ပင်သာယာဆိပ်အထိ အလျား ၁၂၉၅ ပေ အုတ်စီခြင်းလုပ်ငန်း အချောသပ်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကမ်းနားလမ်းတစ်လျှောက် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းစုတောင် (ကချင်စု) ရပ်ကွက်အတွင်း ကမ်းနားလမ်းအားလမ်းသားမြှင့်တင် ဆောင်ရွက်ထားရှိမှုအပေါ် မြစ်ရေဝင်ရောက်ခဲ့မှုအပေါ် ရေကျော်မှုဖြစ်နိုင်ခြေဖြစ်ပေါ်ခဲ့သည့် အခြေအနေကိုလည်းကောင်း၊ လဖစက်လှေဆိပ်၌ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ထားရှိမှုအပေါ် မြစ်ရေကျော်လွန်မှုဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါကချင်စုမှ လယ်ကုန်းရပ်ကွက်အထိ တည်ဆောက်ပြီး ကျောက်စီမြေထိန်းနံရံပေါ်တွင် ရေလျှံတားကျောက်စီကမ်းထိန်းနံရံ တည်ဆောက်သွားမည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အပိုင်းအလိုက် အချိန်အဟုန်ဖြင့် အမြန်ဆုံးစတင်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် မြစ်ကြီးနား ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတို့၌ ၂၄ နာရီ အရန်လျှပ်စစ်ဓာတ်အား ရရှိရေး Hybrid Solar System တပ်ဆင်နိုင်ရေးအတွက် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် အရန်လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းအတွက် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်နှင့်အညီ စိစစ်ကြီးကြပ်နိုင်ရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးခန့်ထက်က Hybrid Solar System တပ်ဆင်နိုင်ရေးအတွက် ပြည်နယ်သို့ တင်ပြလာမှုများအပေါ် သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် Hybrid Solar System တပ်ဆင်ရန် လျှောက်ထားသည့် ကုမ္ပဏီများမှ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း တပ်ဆင်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပြည်သူ့ဆေးရုံကြီးအတွင်း တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံးစိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



**ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူခဲ့သည့် တိုက်စစ်မှူး မိုဂူ။**

# MNL League Cup ပြိုင်ပွဲအတွက် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ငံခြားသားကစားသမားခေါ်ယူ

**ရန်ကုန် ဧပြီ ၁၉**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦး ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၆ ရက်က တရားဝင်သတင်းထုတ်ပြန်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် လိဂ်ပြိုင်ပွဲမတိုင်မီကျင်းပမည့် MNL League Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံခြားသားကစားသမားသုံးဦး ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီ MNL League Cup ပြိုင်ပွဲတွင် နိုင်ငံခြားသားကစားသမားများ အသုံးပြုခဲ့သော်လည်း လိဂ်ပြိုင်ပွဲတွင်မူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ကင်မရွန်းနောက်ခံလူ အိုင်းဒရစ်၊ ကင်မရွန်းတိုက်စစ်မှူးမိုဂူနှင့် တန်ဇန်နီးယားတောင်ပံတိုက်စစ်ကစားသမား ယူဆပ်ရှာဘာနီတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကစားသမားသုံးဦးအနက် တိုက်စစ်မှူး မိုဂူတစ်ဦးတည်းသာ MNL တွင် ကစားဖူးသူဖြစ်ပြီး ပြီးခဲ့သည့်ရာသီက Dagon Port အသင်းတွင် ကစားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးမတိုင်မီက ဒဂုံစတားယူနိုက်တက်အသင်းမှ မြန်မာ့လက်ရွေးစင် ဂိုးသမား ဇင်ညီညီအောင်၊ Dagon Port အသင်း ကွင်းလယ်ကစားသမား မျိုးဆက်ပိုင်တို့ကို ခေါ်ယူထားပြီး ပြည်တွင်း၊ ပြည်ပကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ငလျင်ဒဏ်သင့်ဒေသများတွင် ကျန်းမာရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန် တရုတ်နိုင်ငံမှ ဆရာဝန်များ ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် ဧပြီ ၁၉**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ဒေသများ၌ ကျန်းမာရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန် တရုတ်နိုင်ငံမှ ဆရာဝန် ၅၀ သည် ၎င်းတို့အသုံးပြုမည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း





၅ တန်ကျော်နှင့်အတူ ယနေ့ ညနေ ၅ နာရီခွဲတွင် China Eastern လေကြောင်းဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ တရုတ်နိုင်ငံမှ ဆရာဝန်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing နှင့်တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍*ကျောဖုံးမှ*

စခန်းမှတစ်ဆင့် တင်သွင်းလာသော ဘီလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၃၀၁၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာရွှေမဲဆိပ်ကမ်းသို့ ဧပြီ ၁၈ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘီလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘီလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❂*ကျောဖုံးမှ*

နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

**ယနေ့ညနေမှ ၂၁-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




---

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

■*ကျောဖုံးမှ*

TOYOTA ALPHARD ယာဉ်နှင့် သက်နိုင် မောင်းနှင်လာသည့် TOYOTA ALPHARD ယာဉ်တို့ကို သတင်းအရစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ကျော်အာကာသိန်း မောင်းနှင်သည့်ယာဉ်မှာ တောင်ကြီးဘက်သို့ မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးခဲ့ရာ လွိုင်လင်- တောင်ကြီးသွားလမ်းရှိ ချိုခမ်းကျေးရွာအဝင်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းယာဉ်နှစ်စီးပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးကက်တမင်း ၁၀၀၀ ကီလို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီတွင် ကျိုင်းတုံမြို့ ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းရွာအနီး၌ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် အဓိကပါဝင်သူများဖြစ်သည့် ရန်အောင်ကျော်(ခ) အိုက်ကျိုင်းနှင့် ထွန်းကိုကို(ခ) အိုက်လုံတို့အား TOYOTA PRADO မော်တော်ယာဉ်နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်အရ ကက်တမင်းများအား ကွန်ဟိန်းမြို့နယ် ကာလိမြို့မှ ရန်ကုန်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမေရိကန်သို့လာရောက်လည်ပတ်သည့် နိုင်ငံခြားသားအရေအတွက် လျော့ကျ

**နယူးယောက် မေ ၁၉**

မတ်လအတွင်း အမေရိကန်ပြည်ထောင်စုသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသွားဦးရေမှာ သိသိသာသာလျော့ကျခဲ့သည်ဟု အမေရိကန်အကောက်အခွန်နှင့် နယ်စပ်ထိန်းချုပ်ရေး အေဂျင်စီ၏ မေ ၁၇ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ယမန်နှစ်နှင့်အလားတူ လနှင့်နှိုင်းယှဉ်ပါက ပြည်တွင်းသို့ခရီးသွားဝင်ရောက်မှုမှာ ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု အဆိုပါ အေဂျင်စီက ထုတ်ပြန်ခဲ့သည်။ ယင်းပမာဏသည် ကိုဗစ်-၁၉ နောက်ပိုင်း ဆိုးရွားသည့် ကျဆင်းမှုတစ်ခုဖြစ်သည်။ အမေရိကန်သို့ အများဆုံးလာရောက်သည့် ခရီးသွားအုပ်စုဖြစ်သည့် ကနေဒါခရီးသွားများသည် မတ်လအတွင်း အမေရိကန်သို့ဝင်ရောက်မှု ၁၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဖေဖော်ဝါရီလအတွင်းကလည်း ၁၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

မက္ကဆီကိုမှ လေကြောင်းဖြင့် ရောက်ရှိလာသည့် ခရီးသွားများမှာလည်း မတ်လအတွင်း ၂၃ ရာခိုင်နှုန်း သိသိသာသာကျဆင်းခဲ့သည်။ အကယ်၍ အဆိုပါ နှုန်းအတိုင်းသာ ဆက်လက်ကျဆင်းသွားပါက အမေရိကန်သည် ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ကျော် ဆုံးရှုံးနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။ **ဆင်ဟွာ**




# နိုင်ငံတကာအာကာသစခန်း၏ ကွပ်ကဲမှုတာဝန် ဂျပန်အာကာသယာဉ်မှူး အိုနီရှိ လွှဲပြောင်းရယူ

**တိုကျို မေ ၁၉**

ဂျပန်အာကာသယာဉ်မှူး အိုနီရှိ တာကုယာသည် နိုင်ငံတကာ အာကာသစခန်း၏ ကွပ်ကဲမှုတာဝန်ကို လွှဲပြောင်းရယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် တာကုယာသည် အဆိုပါတာဝန်ကို ရယူသည့် တတိယမြောက် ဂျပန်လူမျိုး ဖြစ်လာခဲ့သည်။

၎င်းသည် ခြောက်လခန့်ကြာမည့် မစ်ရှင်အတွက် အခြားအာကာသယာဉ်မှူး သုံးဦးနှင့်အတူ ခရူးဒရက်ဂွန် အာကာသယာဉ်ဖြင့် မတ် ၁၆ ရက်တွင် နိုင်ငံတကာ အာကာသစခန်းသို့ ရောက်ရှိခဲ့သည်။ ကွပ်ကဲမှု အပြောင်းအလဲကို မေ ၁၉ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းက လူလိုက်ပါသော အာကာသစူးစမ်းလေ့လာရေးတွင် ဂျပန်နိုင်ငံ၏ ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုသည့်အတွက် ၎င်းကို အဆိုပါ ရာထူးတာဝန် ပေးအပ်ခဲ့ခြင်း ဖြစ်သည်ဟု ယုံကြည်ကြောင်း အိုနီရှိက ပြောသည်။ ထို့အပြင် ၎င်းကို ခန့်အပ်ခြင်းက အနာဂတ်တွင် ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍအပေါ် ထားရှိသည့် မျှော်လင့်ချက်များကို ထင်ဟပ်စေပြီး အဆိုပါ မျှော်လင့်ချက်များကို ဖြည့်ဆည်းနိုင်ရန် အစွမ်းကုန်ကြိုးစားသွားမည်ဟု ၎င်းက ဆက်ပြောသည်။

အိုနီရှိသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် နိုင်ငံတကာ အာကာသစခန်း ကွပ်ကဲရေးမှူးအဖြစ် တာဝန်ယူခဲ့ကြသော ဝါကာတာကိုအိချိနှင့် ဟိုရှိဒဲ အခိဟိကို တို့ပြီးနောက် အဆိုပါ ရာထူးကို ဆက်ခံခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**




# အာဖဂန်နစ္စတန်နိုင်ငံ၌ ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ကဘူးလ် မေ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘဒတ်ခ်ရှန်ပြည်နယ်၌ မေ ၁၉ ရက်က ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒဆိုင်ရာ စစ်တမ်းကောက်ယူလေ့လာသည့် အဖွဲ့အစည်းက ထုတ်ပြန်ကြေညာထားသည်။

**အနက် ၉၄ ဒသမ ၁ ကီလိုမီတာကို ဗဟိုပြု**

အဆိုပါငလျင်မှာ ဘဒတ်ခ်ရှန်ပြည်နယ် အက်ရှ်ကာရှမ်းခရိုင်၌ အနက် ၉၄ ဒသမ ၁ ကီလိုမီတာကို ဗဟိုပြု၍ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၇ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်သေဆုံးသူများနှင့် ပျက်စီးဆုံးရှုံးမှုများကို လက်ရှိအချိန်အထိ ဖော်ပြထားခြင်းမရှိပေ။

**ဒေသအများအပြား သိရှိခံစားခဲ့ရ**

ငလျင်လှုပ်ခတ်မှုကို အာဖဂန်နစ္စတန်နိုင်ငံရှိ ဒေသအများအပြား သိရှိခံစားခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

# စီဒီစီဝန်ထမ်းလျှော့ချလိုက်ခြင်းက နိုင်ငံ့ကျန်းမာရေးကို တိုက်ရိုက်ခြိမ်းခြောက်မှုတစ်ခုဖြစ်နိုင်ဟုဆို

**ဆာခရာမန်တို မေ ၁၉**

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) မှာ ရုတ်တရက်ဝန်ထမ်းလျှော့ချလိုက်ခြင်းက သာမန်အတွင်းပိုင်းပြောင်းလဲမှုထက် ပိုပြီးလေးနက်သည့် အကြောင်းရင်းများရှိပြီး နိုင်ငံ့ကျန်းမာရေးကို တိုက်ရိုက်ခြိမ်းခြောက်မှုတစ်ခု ဖြစ်နိုင်ကြောင်း မေ ၁၈ ရက်တွင် ဖော်ပြသော အမေရိကန်ဆေးဘက်ဆိုင်ရာအသင်း (ဂျေအေအမ်အေ) ဂျာနယ်၏ ဖော်ပြချက်အရ သိရသည်။

အစိုးရ စွမ်းဆောင်ရည်မြှင့်တင်ရေးဌာန လုပ်သားအင်အား အကောင်းဆုံး အသုံးချရေး အစီအစဉ် တစ်စိတ်တစ်ပိုင်းအနေဖြင့် စီဒီစီလုပ်သား ၂၄၀၀ ခန့် အလုပ်တာဝန်မှ ရပ်စဲခံရကြောင်း အသိပေးသည့် အီးမေးလ်များကို မေ ၁ ရက်တွင် လက်ခံရရှိခဲ့သည်ဟု ဂျေအေအမ်အေ ဆေးဘက်ဆိုင်ရာ အစီရင်ခံတွင် ဖော်ပြထားသည်။

ထိုကဲ့သို့လုပ်ဆောင်မှုကြောင့် အိတ်ချ်အိုင်ဗွီ ကာကွယ်ရေး၊ လုပ်ငန်းခွင် ဘေးကင်းရေး၊ ကင်ဆာရောဂါ၊ ပန်းနာရောဂါ၊ ဆေးရွက်ကြီးသုံးစွဲမှု၊ အကြမ်းဖက်မှုကာကွယ်ရေး၊ ခဲဆိပ်သင့်မှု၊ မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး၊ ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးခြိမ်းခြောက်မှု၊ မွေးရာပါချို့ယွင်းမှုနှင့် မသန်စွမ်းမှုကာကွယ်ရေးဆိုင်ရာစသည့် အစီအစဉ်များစွာကို ရပ်တန့်ခြင်း သို့မဟုတ် လျှော့ချခြင်းများစွာ ဖြစ်ပေါ်စေကြောင်း သိရသည်။

ယမန်နှစ်တွင် စီဒီစီမှ အငြိမ်းစားယူခဲ့သော ကူးစက်ရောဂါဗေဒပညာရှင်ဟောင်း ဂွန်ဘရွတ်စ်က အိတ်ချ်အိုင်ဗွီရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေလျှော့ချလိုက်မှုအပေါ် စိုးရိမ်မိကြောင်း ပြောကြားသည်။ ထို့ပြင် စီဒီစီရန်ပုံငွေအပေါ် မှီတင်းအားထားနေရသော ပြည်နယ်နှင့်ဒေသန္တရ ကျန်းမာရေးဌာနများကိုလည်း ထိခိုက်မှုဖြစ်ပွားစေခဲ့သည်။

မင်နီဆိုးတား ပြည်နယ်တွင် ကတိပေးထားသော စီဒီစီ၏ ရန်ပုံငွေများ ပယ်ဖျက်ခံရပြီးနောက် ကျန်းမာရေးဌာနက ဝန်ထမ်း ၁၇၀ ကို အလုပ်ထုတ်ပစ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# အမေရိကန်က ယီမင်စက်သုံးဆီဆိပ်ကမ်းကို လေကြောင်းတိုက်ခိုက် သေဆုံးသူ ၈၀ နှင့် ဒဏ်ရာရရှိသူ ၁၅၀ ရှိလာ

**ဆာနား မေ ၁၉**

ယီမင်နိုင်ငံ၏ စက်သုံးဆီဆိပ်ကမ်းဖြစ်သည့် ရက်စ်အီဆာ၌ အမေရိကန်တို့က လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ သေဆုံးသူ ၈၀ ရှိလာပြီး ဒဏ်ရာရရှိသူ ၁၅၀ ရှိကြောင်း ဟူသီကျန်းမာရေး အာဏာပိုင်များက မေ ၁၉ ရက်တွင် သတင်း ထုတ်ပြန်သည်။

မေ ၁၇ ရက် ညပိုင်းက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စက်သုံးဆီသိုလှောင်ရာတွင် အသုံးပြုသည့် ကွန်ကရစ်ကန် အများအပြားကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူအများစုမှာ ဆိပ်ကမ်းမှ အလုပ်သမားများဖြစ်ကြသည်။ ယီမင်နိုင်ငံ၏ ပင်လယ်နီမြို့တော် ဟူဒေးဒါး အနောက်မြောက်ဘက်ရှိ ဆိပ်ကမ်းသည် ဟူသီသူပုန်များ သိမ်းပိုက်ထားသောနယ်မြေများသို့ စက်သုံးဆီတင်သွင်းရာတွင် အဓိကကျသော အသက်သွေးကြောနေရာဖြစ်သည်။

ဟူသီများသည် ယီမင်နိုင်ငံမြောက်ပိုင်းရှိ ကျယ်ပြန့်သောဒေသများကို ၂၀၁၄ ခုနှစ်နှောင်းပိုင်း အစိုးရတပ်ဖွဲ့များကို စတင်တိုက်ခိုက်သည့်အချိန်မှစကာ သိမ်းပိုက်ခဲ့သည်။ မတ်လလယ်အတွင်း ဟူသီများအား ပစ်မှတ်ထားကာ အမေရိကန်၏လေကြောင်းတိုက်ခိုက်မှု စတင်သည့်အချိန်မှစ၍ ယခုတိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ရာအကောင်းဆုံးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ဧပြီလအတွင်း မူးယစ်ဆေးဝါးများ စံချိန်တင်ဖမ်းမိ

**ကိုလံဘို မေ ၁၉**

သီရိလင်္ကာနိုင်ငံ၌ ဧပြီလအတွင်း မူးယစ်ဆေးဝါးများ စံချိန်တင်ဖမ်းဆီးရရှိခဲ့ပြီး ဘိန်းဖြူနှင့်ပုံဆောင်ခဲစိတ်ကြွဆေး တစ်တန်ကျော်ကို ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဆေးဝါးနှိမ်နင်းရေးဗျူရိုက ပြောသည်။

မူးယစ်ဆေးဝါး နှိမ်နင်းရေးဗျူရို၏ ပြောကြားချက်အရ ဘိန်းဖြူ ၃၂၅ ဒသမ ၄ ကီလိုဂရမ်နှင့် မက်သာဖက်တမင်း ပုံဆောင်ခဲ ၇၇၈ ဒသမ ၆ ကီလိုဂရမ်ကို မေ ၁၇ ရက်က သိမ်းဆည်းရမိကြောင်း သိရသည်။ သံသယရှိသူ ၃၀၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့သည်။

ထို့ပြင် ရဲတပ်ဖွဲ့က ဆေးခြောက် ၂၅ ဒသမ ၅ ကီလိုဂရမ်နှင့် ကီရာလာဆေးခြောက် ၅၅၃ ကီလိုဂရမ်ကို ဖမ်းဆီးရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများကို ဖမ်းဆီးနိုင်ရေး တစ်နိုင်ငံလုံးအနှံ့ အထူးစစ်ဆင်ရေးများလုပ်ဆောင်နေကြောင်း ရဲတပ်ဖွဲ့မီဒီယာဌာနက ပြောသည်။ မူးယစ်ဆေးဝါး ပပျောက်ရေးသည် ဦးစားပေးဖြစ်သည်ဟု သီရိလင်္ကာအစိုးရက ပြောသည်။ **ဆင်ဟွာ**

# အမေရိကန်နဲ့ ဂျပန်နိုင်ငံအကြား အခွန်စည်းကြပ်မှုဆိုင်ရာ ကုန်သွယ်ရေးဆွေးနွေးမှု သဘောတူညီချက်ရရှိနိုင်မလား

**ထွန်းကျော်**

အမေရိကန်အစိုးရရဲ့ မော်တော်ယာဉ်နဲ့ သံမဏိတွေအပေါ် အခွန်စည်းကြပ်မှုနဲ့ အပြန်အလှန်စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းဟာ ဂျပန်နိုင်ငံအတွက် ထိုးနှက်ချက်တစ်ခုလိုဖြစ်ခဲ့ပါတယ်။ မစ္စတာ ဒေါ်နယ်ထရမ့်ဟာ အမေရိကန်သမ္မတဖြစ်ပြီး မကြာမီမှာပဲ အခွန်စည်းကြပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့တဲ့အတွက် အမေရိကန်ပြည်တွင်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ပြောစမှတ်ဖြစ်ခဲ့ပါတယ်။

အမေရိကန်အစိုးရရဲ့ အခွန်စည်းကြပ်မှုနဲ့ ပတ်သက်ပြီး ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှီဂီရုက ဂျပန်အစိုးရဟာ အမေရိကန်အစိုးရရဲ့ စည်းကြပ်ခွန်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတွေကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်သွားမယ်လို့ အလေးပေးပြောကြားခဲ့ပါတယ်။ ထို့အတူ ဂျပန်နိုင်ငံရဲ့ စီးပွားရေး ပြန်လည်အားကောင်းလာစေရေး ဝန်ကြီး အကာဇာဝရီယိုဆေးဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ဘဏ္ဍာရေးဝန်ကြီး စကော့တ်ဘတ်ဆန့်၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျမေးဆန်ဂရီယာသာမက တခြားအမေရိကန် ထိပ်တန်းအရာရှိကြီးတွေနဲ့ မကြာသေးမီက အိမ်ဖြူတော်မှာ တွေ့ဆုံခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံတဲ့နေရာမှာ ဂျပန်နဲ့ အမေရိကန်နှစ်နိုင်ငံလုံးရဲ့ စီးပွားရေးတွေ အားကောင်းလာစေမယ့် ပြီးပြည့်စုံတဲ့ သဘောတူညီချက်တစ်ခု အမြန်ဆုံးအကောင်အထည်ဖော်ဖို့ တောင်းဆိုခဲ့ပါတယ်။ ထို့အတူ နှစ်နိုင်ငံလုံးအတွက် အကျိုးဖြစ်ထွန်းစေမယ့် သဘောတူညီချက်တစ်ခုရရှိဖို့ ပွင့်လင်းမြင်သာပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးပွဲတွေကျင်းပဖို့လည်း နှစ်ဖက်အဖွဲ့တွေ သဘောတူခဲ့ကြပါတယ်။

ဧပြီလမကုန်ခင် နောက်တစ်ကြိမ်ဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပဖို့နဲ့ ဝန်ကြီးအဆင့် ညှိနှိုင်းမှုတွေသာမက လုပ်ငန်းအဆင့်ဆွေးနွေးပွဲတွေကို ဆက်လက်ပြုလုပ်ဖို့လည်း ဂျပန်နဲ့ အမေရိကန်နှစ်ဖက်အဖွဲ့တွေ သဘောတူခဲ့ကြပါတယ်။



ဂျပန်ဝန်ကြီးချုပ် အီရှီဘာရှီဂီရုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ယခုနှစ် ဖေဖော်ဝါရီ ၇ ရက်က ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်၌ တွေ့ဆုံစဉ်။

စည်းကြပ်ခွန်ဆိုင်ရာ ဂျပန်နဲ့ ညှိနှိုင်းဆွေးနွေးပွဲဟာ အပြုသဘောဆောင်တယ်လို့ အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူး ကာရိုလိုင်း လီယာဗစ်က ပြောကြားခဲ့ပါတယ်။

ပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲဟာ နောက်တစ်ကြိမ် ညှိနှိုင်းမှုတွေဆီ ဦးတည်သွားမယ်လို့ သဘောပေါက်ထားတဲ့အတွက် ဆွေးနွေးပွဲတွေအပေါ် အကောင်းမြင်တယ်လို့လည်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံနဲ့ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတွေဟာ အမေရိကန်အတွက် ထိပ်တန်းဦးစားပေးကိစ္စဖြစ်တယ်လို့ မစ္စတာ ထရမ့်ကလည်း ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ် ဂျော့ဂျ်ဂလက်စ်က အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ဟာ အခွန်စည်းကြပ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိလိမ့်မယ်လို့ မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

> ❐ **ဧပြီလမကုန်ခင် နောက်တစ်ကြိမ်ဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပဖို့နဲ့ ဝန်ကြီးအဆင့် ညှိနှိုင်းမှုတွေသာမက လုပ်ငန်းအဆင့် ဆွေးနွေးပွဲတွေကို ဆက်လက်ပြုလုပ်ဖို့လည်း ဂျပန်နဲ့ အမေရိကန်နှစ်ဖက်အဖွဲ့တွေ သဘောတူခဲ့ကြပါတယ်။ စည်းကြပ်ခွန်ဆိုင်ရာ ဂျပန်နဲ့ ညှိနှိုင်းဆွေးနွေးပွဲဟာ အပြုသဘောဆောင်တယ်လို့ အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူး ကာရိုလိုင်းလီယာဗစ်က ပြောကြား**
>
> ❐ **ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ် ဂျော့ဂျ်ဂလက်စ်က အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ဟာ အခွန်စည်းကြပ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ် ရရှိလိမ့်မယ်လို့ မျှော်လင့်**

ထို့အတူ ဂျပန်နဲ့ အမေရိကန်အကြား စည်းကြပ်ခွန်ဆိုင်ရာ ညှိနှိုင်းမှုနဲ့ပတ်သက်တဲ့ မေးမြန်းမှုတွေကို မစ္စတာဂလက်စ်က သမ္မတထရမ့်ဟာ အမေရိကန်ရဲ့စီးပွားရေးကို လမ်းကြောင်းသစ်နဲ့ လျှောက်လှမ်းဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ဧပြီ ၁၆ ရက်က ဂျပန်နဲ့ အမေရိကန်အကြား ပထမအကျော့ စည်းကြပ်ခွန်ညှိနှိုင်းမှုမှာ အမေရိကန်ပြည်ထောင်စုဟာ မော်တော်ယာဉ်တွေကနေ လယ်ယာထွက်ကုန်တွေအထိ တောင်းဆိုမှုအများအပြားကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီတောင်းဆိုမှုတွေကို တုံ့ပြန်တဲ့အနေနဲ့ ဂျပန်နိုင်ငံရဲ့ စေ့စပ်ညှိနှိုင်းရေးမှူးက အဲဒီပစ္စည်းတွေကို ဦးစားပေးအဖြစ်ထားရှိဖို့ အမေရိကန်ဘက်ကို တောင်းဆိုခဲ့ပါတယ်။

ပထမအကျော့ ကုန်သွယ်ရေးဆွေးနွေးပွဲအတွင်း အမေရိကန်စေ့စပ်ညှိနှိုင်းသူတွေဘက်က နိုင်ငံခြားကုန်သွယ်မှု အတားအဆီးတွေနဲ့ ပတ်သက်တဲ့ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အစီရင်ခံစာကို အခြေခံပြီး တောင်းဆိုမှုတွေ တစ်ခုပြီးတစ်ခု ပြုလုပ်ခဲ့တယ်လို့ သတင်းရင်းမြစ်တွေက ပြောပါတယ်။

အမေရိကန်အရာရှိတွေက ဂျပန်နိုင်ငံရဲ့ မော်တော်ယာဉ်တွေအတွက် ဘေးကင်းလုံခြုံရေး စံနှုန်းတွေကို ပြန်လည်သုံးသပ်ဖို့ ဂျပန်ဘက်ကို တွန်းအားပေးခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန်တာဝန်ရှိသူတွေဟာ ဆန်၊ အသား၊ ပင်လယ်စာ၊ အာလူးနဲ့ တခြားထုတ်ကုန်တွေကို ကုန်သွယ်ရေးဆိုင်ရာ အရေးပါတဲ့ ပစ္စည်းတွေအဖြစ် စာရင်းပြုစုထားတယ်လို့လည်း ဆိုပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ဂျပန်နဲ့ ကုန်သွယ်မှုမှာ အလွန်ကြီးမားတဲ့ လိုငွေပြနေတယ်လို့လည်း ပြောကြားခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ လမ်းတွေပေါ်မှာ အမေရိကန်ကားတွေ သွားလာနေတာ သိပ်မရှိကြောင်းနဲ့ ဂျပန်ဟာ အမေရိကန်မှ လယ်ယာထွက်ကုန်တွေကို ဝယ်လေ့မရှိကြောင်းလည်း မစ္စတာ ထရမ့်က ပြောပါတယ်။

ဂျပန်နိုင်ငံဟာ ၂၀၂၂ ခုမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ဘီလီယံတန်ဖိုးရှိတဲ့ အမေရိကန်လယ်ယာထွက်ကုန်တွေကို တင်သွင်းခဲ့ပြီး ဒါဟာ အမေရိကန်ပြည်ထောင်စုက တစ်ကမ္ဘာလုံးကို တင်ပို့တဲ့ အဲဒီကုန်စည်တွေရဲ့ ၇ ဒသမ ၇ ရာခိုင်နှုန်း ရှိတယ်လို့ အမေရိကန်စက်မှုနဲ့ လုံခြုံရေးဗျူရိုအရ သိရပါတယ်။

ဒါ့အပြင် ဂျပန်အစိုးရဟာ လုံခြုံရေးဆိုင်ရာ အမေရိကန် - ဂျပန် မဟာမိတ်ဆက်ဆံရေးနဲ့ ပတ်သက်တဲ့စရိတ်တွေကို လုံလောက်စွာ ပေးဆောင်ခြင်းမရှိဘူးလို့ဆိုကာ ထရမ့်က ဂျပန်ကို ပြစ်တင်လိုက်ပါသေးတယ်။

ဘယ်အရာမှ တစ်ခါတည်းနဲ့ အောင်မြင်သွားတယ်ဆိုတာ မရှိပါဘူး။ ရည်မှန်းချက်ကြီးမားလေလေ လိုအပ်ချက်တွေများလေလေ ညှိနှိုင်းယူရလေလေပါပဲ။ ဟုတ်ပါတယ်။ ကုန်သွယ်ရေးဆိုင်ရာ ဂျပန်နဲ့ အမေရိကန်ရဲ့ ဆွေးနွေးမှုမှာလည်း တစ်ခါတည်းနဲ့တော့ အောင်မြင်သွားတာတော့ မဟုတ်ပါဘူး။ နှစ်ဖက်ကြားမှာတော့ ကြီးမားတဲ့ ကွာဟချက်တွေတော့ ရှိနေဆဲပါပဲ။ ရက်ပေါင်း ၉၀ အတွင်း နောက်ထပ်ဆွေးနွေးမှုတွေ ထပ်မံလုပ်ဆောင်သွားမှာဖြစ်ပြီး သဘောတူညီချက်တစ်ခုတော့ ထွက်ပေါ်လာမှာဖြစ်ပါတယ်။

ဂျပန်အစိုးရကတော့ အမေရိကန်ရဲ့ စည်းကြပ်ခွန်ကောက်ခံမှုဆိုင်ရာ အစီအမံတွေရဲ့ အကျိုးသက်ရောက်မှုတွေကို ဆန်းစစ်လေ့လာပြီး နိုင်ငံအတွက် လိုအပ်တာတွေကို လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဝန်ကြီးချုပ်က ပြောကြားလိုက်ပါသေးတယ်။ သို့သော်လည်း အစိုးရရဲ့ စီးပွားရေးအားဖြည့်မှုအစီအစဉ်သစ်ကို ချက်ချင်းမစဉ်းစားရသေးဘူးလို့လည်း သူက ပြောပါတယ်။ ဝန်ကြီးအဆင့် ညှိနှိုင်းမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပြီး မစ္စတာထရမ့်နဲ့ တိုက်ရိုက်စကားပြောဖို့ သင့်တော်တဲ့အချိန်မှာ အမေရိကကို သွားရောက်ဖို့ စဉ်းစားနေတယ်လို့လည်း မစ္စတာ အီရှီဘာက ပြောပါတယ်။ ဂျပန်နဲ့ အမေရိကန်အကြား အခွန်စည်းကြပ်မှုဆိုင်ရာ ကုန်သွယ်ရေးဆွေးနွေးမှုဟာ ပိုမိုအပြုသဘောဆောင်ဖို့ မျှော်လင့်ရပါကြောင်း။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ**

# အီးစီးကရက် အန္တရာယ်

တင်ထက်ထက်ဇော်

**၂၀၀၃ ခုနှစ်တွင် အစပြုခဲ့သော အီးစီးကရက်နည်းပညာသည် ယခုအခါ နိုင်ငံအတော်များများသို့ ပျံ့နှံ့ခဲ့သည်။ အီးစီးကရက်ထုတ်လုပ်သော ရည်ရွယ်ချက်မှာ ဆေးလိပ်စွဲလမ်းနေသူများကို စီးကရက်ပြတ်စေရန်ဖြစ်သော်လည်း အမှန်စင်စစ်မပြတ်နိုင်ဘဲ စီးကရက်သောက်ဖို့ အစပျိုးနေခြင်းမျှသာ ဖြစ်နေသည်။**

စီးကရက်ဖြတ်လိုသူများအပြင် လူငယ်ထုအတွင်း ဖက်ရှင်တစ်ခုသဖွယ် အသုံးပြုလာသည့် ပစ္စည်းတစ်ခုဖြစ်လာသည်။ ယင်းပစ္စည်းများကို တောက်ပသောအရောင်၊ အနံ့ အရသာမျိုးစုံဖြင့် တီထွင်ဆန်းသစ်ထားပြီး ပမာဏအနည်းငယ်ရှုသွင်းရုံဖြင့် မီးခိုးငွေ့များစွာထွက်စေသဖြင့် လူငယ်ထုအတွင်း အချင်းချင်းလက်တည့်စမ်းကြရာမှ စွဲလမ်းလာသည်။ လေ့လာမှုမှတ်တမ်းများအရ အီးစီးကရက် သောက်သုံးသူများမှာလည်း တစ်ယောက်မျှ ဆေးလိပ်ပြတ်သွားခြင်းမရှိဘဲ ဆက်လက်သောက်နေကြသည့်အတွက် အောင်မြင်ခြင်းမရှိကြောင်း တွေ့ရသည်။




**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တိုက်တွန်းချက်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဆေးရွက်ကြီးထိန်းချုပ်ရေး ကွန်ဗင်းရှင်းအဖွဲ့အစည်းများ ညီလာခံတွင် အီးစီးကရက်ကို နိုင်ငံအများအပြားတွင် သုံးစွဲလာမှုနှင့်ပတ်သက်၍ ၂၀၁၀ ပြည့်နှစ်ကစတင်လေ့လာမှုများပြုလုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ငါးကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ ညီလာခံတွင် အီးစီးကရက်ဆိုင်ရာ အစီရင်ခံစာတင်ပြခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုအစီရင်ခံစာအရ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အီးစီးကရက်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခွင့်လုံးဝပိတ်သိမ်းရန်နှင့် ပြည်တွင်းအသုံးပြုခြင်းကိုလည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိန်းချုပ်သည့်အတိုင်း ပြင်းပြင်းထန်ထန်အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်မှု၊ ကန့်သတ်မှုများ ထားရှိဆောင်ရွက်ရန် တိုက်တွန်းထားသည်။

သုတေသနရလဒ်များအရ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့် စီးကရက်အတုများတွင် ပါဝင်သည့် နီကိုတင်းသည် သုံးစွဲသူများကို စွဲလမ်းစေသဖြင့် ဆယ်ကျော်သက်အရွယ်တွင် စတင်အသုံးပြုမိပါက နီကိုတင်း၏ အာနိသင်ကြောင့် မသုံးစွဲရလျှင် မနေနိုင်သည်အထိ ဖြစ်ပွားနိုင်သည်။ ကာလကြာရှည် သုံးစွဲမိသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် အဆုတ်ပျက်စီးသူ၊ သေဆုံးသူ များပြားလာသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အီးစီးကရက်သည် လူကိုစွဲလမ်းစေသည့်အပြင် အသက်အန္တရာယ်ပေးနိုင်သော ကင်ဆာရောဂါအပါအဝင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းတို့ကိုဆိုးရွားစွာ ပျက်စီးစေနိုင်သော ဓာတ်ပစ္စည်းများပါဝင်နေ၍ ဆေးလိပ်အစားထိုးပစ္စည်းအဖြစ် အသုံးမပြုရန် သတိပေးထားသည်။

**အီးစီးကရက်ကို ကန့်သတ်ထားသောနိုင်ငံများ**

အီးစီးကရက်ဆေးရည်အမျိုးမျိုး ထည့်သွင်းအသုံးပြုခြင်းအပြင် ဆေးခြောက်နှင့် အခြားမူးယစ်စေတတ်သောအရာများကိုပါ ထည့်သွင်းအသုံးပြုသောက်ရှုနိုင်သဖြင့် မူးယစ်ဆေးဝါးစွဲလမ်းမှုနှင့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားစေနိုင်သည်။ ယင်းကျန်းမာရေးဆိုင်ရာ ပြဿနာများကြောင့် နိုင်ငံအများအပြား၌ အီးစီးကရက်သုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို ထိန်းချုပ်လာကြသည်။ ၂၀၂၃ ခုနှစ်အထိ အီးစီးကရက်ရောင်းချမှု တားမြစ်ထားသော နိုင်ငံပေါင်း ၁၃၂ နိုင်ငံရှိနေပြီဖြစ်သည်။

- ဘယ်လ်ဂျီယံနိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ၎င်းတို့နိုင်ငံတွင်း၌ တစ်ခါသုံး အီးစီးကရက် (Vape) ရောင်းချသုံးစွဲမှုကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်းနှင့် ထိုသို့ပိတ်ပင်လိုက်ခြင်းမှာ ဥရောပနိုင်ငံများထဲမှ ပထမဦးဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ ကလေးများနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအတွက် Vape ရောင်းချခွင့်ကို စတင်ပိတ်ပင်ခြင်းဖြစ်ကြောင်း အဆိုပါနိုင်ငံမှ တာဝန်ရှိသူများက ဆိုသည်။ လူငယ်အများစု၏ Vape သောက်သုံးမှုမှာ ပုံမှန်စီးကရက် သောက်သုံးမှုထက် ပိုများလာကြောင်း၊ တစ်ခါသုံး Vape များက လူငယ်များကို ဆွဲဆောင်နိုင်ရန် ဒီဇိုင်းမျိုးစုံပြုလုပ်ကာ ထုတ်လုပ်ထားကြောင်း၊ ၎င်း၏ပုံစံဒီဇိုင်းက ဆေးလိပ်လုံးဝ မသောက်သုံးသည့်သူကိုပင် သောက်ချင်လာအောင် ဆွဲဆောင်မှုရှိနေကြောင်း ဘယ်လ်ဂျီယံ ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြု ပြောဆိုထားသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ Vape သောက်သုံးသူ များပြားလျက်ရှိပြီး ယင်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုလာကြောင်း သတင်းတွင် ဖော်ပြထားပြီး ဘယ်လ်ဂျီယံနိုင်ငံကဲ့သို့ပင် တခြားဥရောပနိုင်ငံများဖြစ်သည့် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ကလည်း တစ်ခါသုံး Vape များကို ပိတ်ပင်ရန် ပြင်ဆင်နေကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။
- ထိုင်းနိုင်ငံ ဆယ်ကျော်သက်များအကြား အီးစီးကရက် သောက်သုံးမှု များပြားလာမှုနှင့်အတူ ဘေးထွက်ဆိုးကျိုးများကြောင့် ဆေးရုံတက်ကုသရသည့် ဖြစ်စဉ်များ ရှိခဲ့ပြီးနောက် ယင်းနိုင်ငံအစိုးရက ကြေညာချက် ထွက်ပေါ်လာသည်။ ထိုင်းနိုင်ငံတစ်ဝန်းတွင် အီးစီးကရက် ရောင်းချမှုနှင့် သောက်သုံးမှုများကို ထိထိရောက်ရောက် နှိမ်နင်းသွားမည်ဟု ထိုင်းတော်ဝင် ရဲတပ်ဖွဲ့က ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်တွင် ကြေညာထားသည်။ အီးစီးကရက် ရောင်းချသည့်ဆိုင်များအားလုံးကို ရှာဖွေဖမ်းဆီးပြီး အများပြည်သူပိုင် နေရာများတွင် အီးစီးကရက် သောက်သုံးနေစဉ် ဖမ်းဆီးစစ်ဆေးမိပါကလည်း အရေးယူခံရမည်ဖြစ်သည်။ အီးစီးကရက် (တစ်လိပ်) လက်ဝယ်တွေ့ရှိပါက အမြင့်ဆုံး ထောင်ဒဏ် ငါးနှစ်နှင့်အထက် (အခွန်များနှင့်အတူ ဈေးနှုန်းငွေဒဏ် လေးဆ) ဒဏ်ငွေချမှတ်ခံရမည်ဖြစ်သည်။ အီးစီးကရက် ရောင်းချသူ၊ တင်သွင်းသူနှင့် ထုတ်လုပ်တင်ပို့သူများအား ထောင်ဒဏ် ငါးနှစ်နှင့်အထက်မှ ၁၀ နှစ်နှင့်အထက်၊ ဒဏ်ငွေအဖြစ် ဘတ်ငွေ ငါးသိန်းမှ ဘတ်တစ်သန်းအထက် သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်တားမြစ်ချက်**

အာဆီယံနိုင်ငံ တော်တော်များများတွင် အီးစီးကရက် ထိန်းချုပ်ခြင်းနှင့်ပတ်သက်သော သီးသန့်ဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ သို့သော် ယင်းဥပဒေ၌ အီးစီးကရက်နှင့် စပ်လျဉ်းသည့်အချက်များကို ဖော်ပြထားခြင်း မရှိသဖြင့် ယင်းပစ္စည်းများကို ဈေးကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်လျက်ရှိသည်။

အများပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေသည့်အန္တရာယ်မှ ကာကွယ်ရန်အတွက် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေနှင့် ဒေသများထူထောင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်များအကြားတွင် ရေပန်းစားလျက်ရှိသည့် အီးစီးကရက်၊ Vape အစရှိသည့် အီလက်ထရွန်နစ်အငွေ့ရှူစက်များနှင့် ပတ်သက်၍လည်း ဥပဒေအရ ထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည့် “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်” သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်တွင် စတင်အာဏာသက်ဝင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကြောက်စရာ အီးစီးကရက်**

အီးစီးကရက်တွင် ဓာတုပစ္စည်းပါဝင်မှု အချိုးအစားများကို အတိအကျဖော်ပြထားခြင်းမရှိသော်လည်း ထိုအီးစီးကရက်ထဲတွင် အောက်ဖော်ပြပါ ဓာတုအမျိုးအမည်များ ပါရှိကြောင်းတွေ့ရသည်။

- Benzene (ခေါ်) စက်မှုလုပ်ငန်းသုံးရည်တစ်မျိုးပါရှိပြီး ၎င်းဓာတုပစ္စည်းအား ရေနံစိမ်းမှ ချက်လုပ်ထားခြင်း ဖြစ်သည်။
- Arsenic (ခေါ်) အဆိပ်တစ်မျိုး ပါရှိနေပြီး ၎င်းပစ္စည်းကို သစ်သားထည်များ ကြာရှည်ခံအောင် ထိန်းသိမ်းရာတွင် အသုံးပြုလေ့ရှိသည်။
- Cadmium (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိနေပြီး ၎င်းကို ဘက်ထရီများထုတ်လုပ်ရာတွင် အသုံးပြုသည်။
- Lead (ခေါ်) ခဲဓာတ်ပါရှိနေပြီး ၎င်းကိုလည်း ဘက်ထရီများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။
- Formaldehyde ပါရှိနေပြီး ၎င်းဓာတ်ငွေ့ကို ရင်ခွဲရုံများ၊ ရေခဲတိုက်များနှင့် သုတ်ဆေးများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။
- Polonium 210 (ခေါ်) ရေဒီယိုသတ္တိကြွပစ္စည်းတစ်မျိုးကို ထည့်သုံးထားသည်။
- Chromium (ခေါ်) ဓာတုဆေးတစ်မျိုး ပါရှိနေပြီး ၎င်းကို ဆိုးဆေး၊ သုတ်ဆေးများနှင့် သတ္တုစပ်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုလေ့ရှိသည်။
- Butadiene (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိနေပြီး ၎င်းကို ရော်ဘာထုတ်လုပ်ရာတွင် အသုံးပြုသည်။
- Nickel (ခေါ်) ဓာတုပစ္စည်းတစ်မျိုးပါရှိပြီး ၎င်းကို သတ္တုထည်များအား သံချေးတက်ခြင်းမှ ကာကွယ်ရန် အသုံးပြုသည်။
- Vinyl Chloride (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိပြီး ၎င်းကို ပလတ်စတစ်နှင့်ဗီနိုင်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။
- Beryllium (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိနေပြီး ၎င်းကို အဏုမြူဓာတ်ပေါင်းဖိုများတွင် အသုံးပြုသည်။
- Ethylene oxide (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိပြီး ၎င်းကို ဆေးရုံသုံးပစ္စည်းများအား ပိုးသတ်ရာတွင် အသုံးပြုသည်။
- Polycyclic (ခေါ်) ဓာတုပစ္စည်းတစ်မျိုး ပါရှိနေပြီး ၎င်းသည် DNA ပျက်စီးစေသော ဓာတုပစ္စည်းဖြစ်သည်။ *စာမျက်နှာ ၁၇ သို့*

- **အီးစီးကရက်သောက်သုံးမှုသည် ၉၅ ရာခိုင်နှုန်း အန္တရာယ်မရှိနိုင်ဟု လူတချို့က ထင်ကြေးပေးနေကြသည်။ တကယ့်လက်တွေ့တွင် နီကိုတင်းအရည်က စွဲလမ်းစေပြီး အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်မှု အချိုးအစားပေါ် မူတည်ကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်နှင့် နှလုံးတို့ကို ထိခိုက်ပျက်စီးစေနိုင်သကဲ့သို့ နောက်ဆက်တွဲ ကင်ဆာရောဂါများလည်း မလွဲမသွေဖြစ်ပွားစေနိုင်**
- **အီးစီးကရက်အရည် (Vape) ကို မတော်တဆ အောက်ဆီဂျင်ကဲ့သို့ တိုက်ရိုက်ရှူမိခြင်း သို့မဟုတ် မတော်တဆ သောက်မိခြင်း၊ မျက်စိထဲ ဝင်ရောက်ခြင်းနှင့် အရေပြားပေါ်ထိခြင်းကြောင့် အန္တရာယ်ဖြစ်စေပြီး ကလေးငယ်များတွင် အသက်ဆုံးရှုံးရသည်အထိ ဖြစ်စေနိုင်**

## ဓနုဖြူမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့စုပေါင်းကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

**ဓနုဖြူ ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်စိုက်ပျိုးပွဲ အခမ်းအနားကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက နန်းတော်ကုန်းကျေးရွာ တောင်သူ ဦးသန်းစိန်၏ လယ်မြေတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က ပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စိုက်ခင်းစနစ်ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းနိုင်က မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် အထွက်ကောင်း၊ မျိုးကောင်းမျိုးသန့်များကို သုံးစွဲခြင်း၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာများ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ပြီး ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်း ပိုမိုရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တောင်သူ ၆၇ ဦးတို့အား ပိုက်ဆံလျှော်မျိုးစေ့ တစ်ဧကလျှင် လေးပြည်နှုန်း ပေးအပ်ခဲ့ပြီး မြေဆီလွှာ ဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို လယ်မြေ ၁၀ ဧကတွင် စုပေါင်းကြဲပက်စိုက်ပျိုးသည်။ ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိရေတော်မိုးတော် ၆၃၀၉၃ ဧကတွင် သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်**
**(ပြန်/ဆက်)**



## ကျုံပျော်မြို့၌ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြု

**ကျုံပျော် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဧပြီ ၁၇ ရက်တွင် အန္တရာယ်ကင်း ပရိတ်တရားနာကြားခြင်းနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ပြုလုပ်သည်။

ဦးစွာ ရေမင်းခန်းမ၌ သံဃာတော်အရှင်သူမြတ် ကိုးပါးတို့ထံမှ မေတ္တာသုတ်၊ ရတနသုတ်နှင့် ပရိတ်တရားတော်များ နာကြားကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ယင်းနောက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ပင်လုံရပ်ကွက် ဒါးကချောင်းရေပြင်၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းအောင်မော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀ ကို ဒါးကချောင်းအတွင်းသို့ စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်ရှိ ကျေးရွာ ၁၉ ရွာ၌ ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လွှဲပြောင်းအပ်နှံ

**ဇလွန် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၉ ရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ဧပြီ ၁၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ဇလွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာ ထူထောင်ရေး စီမံကိန်း ကျေးရွာတစ်ရွာ အပါအဝင် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စုစုပေါင်း ကျေးရွာ ၁၉ ရွာမှ စီမံကိန်းလုပ်ငန်းများကို ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာ ၁၉ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှစ်ခု၊ ရေရရှိရေးလုပ်ငန်းသုံးခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ၁၀ ခု၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းနှစ်ခု၊ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၀ ကို အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးပြီဖြစ်သောကြောင့် သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များထံသို့ လုပ်ငန်းများ လွှဲပြောင်းအပ်နှံခြင်းဖြစ်ကြောင်း သိရသည်။

၂၂၂

**❖ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။**

**❖ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။**

*စာမျက်နှာ ၁၆ မှ*

- Ortho Toluidine (ခေါ်) ဓာတုပစ္စည်းတစ်မျိုးပါရှိနေပြီး ၎င်းကို ပေါင်းသတ်ဆေးထုတ်လုပ်ရာတွင် အသုံးပြုသည်။

အီးစီးကရက်သောက်သုံးမှုသည် ၉၅ ရာခိုင်နှုန်း အန္တရာယ်မရှိနိုင်ဟု လူတချို့က ထင်ကြေးပေးနေကြသည်။ တကယ့်လက်တွေ့တွင် နီကိုတင်းအရည်က စွဲလမ်းစေပြီး အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းများပါဝင်မှုအချိုးအစားပေါ် မူတည်ကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ အဆုတ်နှင့် နှလုံးတို့ကို ထိခိုက်ပျက်စီးစေနိုင်သကဲ့သို့ နောက်ဆက်တွဲ ကင်ဆာရောဂါများလည်း မလွဲမသွေဖြစ်ပွားစေနိုင်သည်။ ထို့ပြင် အီးစီးကရက်အရည်(Vape)ကို မတော်တဆ အောက်ဆီဂျင်ကဲ့သို့ တိုက်ရိုက်ရှူမိခြင်း သို့မဟုတ် မတော်တဆသောက်မိခြင်း၊ မျက်စိထဲဝင်ရောက်ခြင်းနှင့် အရေပြားပေါ်ထိခြင်းကြောင့် အန္တရာယ်ဖြစ်စေပြီး ကလေးငယ်များတွင် အသက်ဆုံးရှုံးရသည်အထိ ဖြစ်စေနိုင်သည်။ အီးစီးကရက်သောက်သုံးသူများထံမှ ထွက်လာသော အငွေ့များသည် ပတ်ဝန်းကျင်မှ လူများကို ရှူမိစေခြင်းများကြောင့် တစ်ဆင့်ခံ စီးကရက်မီးခိုးငွေ့ ရှူရှိုက်ရသကဲ့သို့ပင် အလားတူ ဆိုးကျိုးများစွာကို ခံစားရနိုင်သည်။

အထူးသဖြင့် ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် တစ်ဆင့်ခံ အီးစီးကရက်မီးခိုးငွေ့များက ကြီးစွာသော ဘေးအန္တရာယ်ဖြစ်စေသည်။ ထို့ပြင် သုံးစွဲသူကို စွဲလမ်းစေတတ်သော နီကိုတင်းဓာတ်များ လွန်ကဲစွာ ပါဝင်နေခြင်းကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများအဖြစ် (အထူးသဖြင့် လူငယ်များတွင်) ဦးနှောက်ဖွံ့ဖြိုးမှု ထိခိုက်ခြင်း၊ အာရုံစူးစိုက်မှုကျဆင်းသွားခြင်း၊ မှတ်သားသင်ယူနိုင်စွမ်းရည် နည်းပါးလာခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ထို့မျှမက အီးစီးကရက်အတွင်းရှိ ဘက်ထရီပေါက်ကွဲခြင်းမှ ပြင်းထန်သော ထိခိုက်ဒဏ်ရာရခြင်း သင်ခန်းစာများကိုလည်း ကြားသိတွေ့မြင်နေရသည်။

ကနေဒါနိုင်ငံ၏ လတ်တလောလေ့လာမှုအရ အသက် ၂၀ မှ ၂၄ နှစ်အတွင်းရှိသူ ၁၀ ဦးလျှင် တစ်ဦး အီးစီးကရက်ကို သောက်သုံးနေကြကြောင်း၊ အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းရှိသူ ၁၅ ဦးလျှင် တစ်ဦး အီးစီးကရက်ကို စွဲစွဲမြဲမြဲသောက်နေကြောင်း၊ ထိုသူတို့အနေဖြင့် အီးစီးကရက်ကို စွဲစွဲမြဲမြဲ သောက်လာရသည့် အကြောင်းရင်းတစ်ရပ်မှာ (၁) တိုကိုဖီရောနှင့် (၂) တိုကိုဖီရောအက်ဆီတိတ်တို့ ပါဝင်မှုကြောင့်ဖြစ်ကြောင်း သိရသည်။ ၎င်းပစ္စည်းနှစ်မျိုးက အဆုတ်ကို ပျက်စီးစေသည်။ အီးစီးကရက်ကို အပူပေးပြီး ရှူသွင်းလိုက်သည့်အခါ တိုကိုဖီရောဒြပ်ပေါင်းက အဆုတ်ထဲတွင်ရှိသော ပရိတိန်းအမြှေးပါးလေးထဲသို့ ဝင်ရောက်သွားသည်။ ပရိတိန်းအမြှေးပါးလေးဆိုသည်မှာ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် အပြန်အလှန် လည်ပတ်မှုကို ဖြစ်ပေါ်စေသည့် မျက်နှာပြင်ကို အုပ်ထားခြင်းဖြစ်ပြီး အသက်ရှူနေစဉ် အဆုတ်၏ မျက်နှာပြင်တင်းမာမှုကိုလည်း တည်ငြိမ်အောင် ထိန်းညှိပေးသည့်အရာဖြစ်သည်။

ထိုကဲ့သို့ အရေးပါသည့် ပရိတိန်းအမြှေးပါးလေးထဲသို့ တိုကိုဖီရောဒြပ်ပေါင်း ဝင်ရောက်သွားသည့်အခါ ရလဒ်မှာ ဆိုးကျိုးများသာဖြစ်သည်။ အမြှေးပါး၏ ဂုဏ်သတ္တိများ ပြောင်းလဲသွားသည်နှင့်အမျှ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုက်အောက်ဆိုက်ဓာတ်ငွေ့များ အလဲအလှယ် လုပ်နိုင်စွမ်းကလည်း ပြောင်းလဲသွားသည်။ ထိုနည်းတူစွာ အဆုတ်မျက်နှာပြင်၏ တင်းမာမှု ပြောင်းလဲသွားသည်နှင့် တစ်ပြိုင်နက် အသက်ရှူမှုဆိုင်ရာ ဇီဝလုပ်ဆောင်ချက်များလည်း ပြောင်းလဲသွားသည်။ ယင်းပြောင်းလဲမှုများ၏ အာနိသင်ကြောင့် အီးစီးကရက်သောက်သူတိုင်း အသက်ရှူကျပ်လာသည်။

တချို့ကလည်း အီးစီးကရက်တွင် ပါဝင်သည့် ပစ္စည်းများမှာ ဆေးဝါးကွပ်ကဲမှုအဖွဲ့က အတည်ပြုပေးထားသည့် ပစ္စည်းများဖြစ်သည်ဟု စောဒကတက်ကြသည်။ မည်သို့ပင်ဆိုစေကာမူ အငွေ့ထွက်စေဖို့အထိ အပူပေးရသည့်အခါ ထိုပစ္စည်းများ၏ ဂုဏ်သတ္တိများလည်း ပြောင်းလဲသွားသည်။ ထို့ကြောင့် ကျောင်းသားလူငယ်များသာမက သက်လတ်ပိုင်းများလည်း ဆေးလိပ်ဖြတ်ချင်သောကြောင့်၊ စတိုင်ကျချင်သောကြောင့်၊ သူငယ်ချင်း ဆွယ်သောကြောင့် စသည့်အကြောင်းအမျိုးမျိုးကြောင့် အီးစီးကရက်ကို မဖြတ်နိုင်ဘဲ ဆက်သောက်နေမလား၊ ရေရှည်ကျန်းမာရေးအတွက် အီးစီးကရက် ဖြတ်မလား လေးလေးနက်နက် စဉ်းစားဆုံးဖြတ်သင့်သည်။

အချုပ်ဆိုသော် အီးစီးကရက်သောက်၍ လုံးဝ ဆေးလိပ်မပြတ်နိုင်ပါ။ အီးစီးကရက်က ဆေးလိပ်စွဲလမ်းနေသောသူများကို စိတ်အာသာပြေရုံသာ ဖြစ်ပြီး အမှန်စင်စစ်မပြတ်နိုင်ဘဲ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်ရန် အစပျိုးနေခြင်းသာဖြစ်သည်။ ယနေ့ကမ္ဘာတွင် ခြောက်စက္ကန့်တိုင်းတွင် လူတစ်ဦးနှုန်း ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် သေဆုံးနေကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုလျော့ကျရန် အခွန်တိုးမြှင့်ခြင်းနှင့်အတူ အသိပညာပေးလုပ်ငန်းများကိုလည်း မီဒီယာဘက်ပေါင်းစုံဖြင့် နှိုးဆော်မှုများ ပြုလုပ်နေကြသည်။ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် အီးစီးကရက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားနေမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ရန် လိုအပ်နေပါကြောင်း တိုက်တွန်းလိုပါသည်။ ။

# ပွင့်ဖြူမြို့နယ်၌ နှမ်းကေ ၂၉၆၉၀ စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ မေ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၂၇၁၉၃ ဧက စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၂၉၆၉၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက၂၉၆၉၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားကေထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒေသတွင်း နှမ်းစိုက်တောင်သူတွေကို မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့နဲ့ စိုက်ပျိုးရေးနည်းပညာ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# စလင်းမြို့နယ်၌ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်



**စလင်း မေ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပုထိုးဖြူရပ်ကွက် ငွေတောင်ဦးကျောင်း ဒို့မေတ္တာ (အခမဲ့) ကုသိုလ် ရှစ်မျိုး ကျန်းမာရေးနှင့် နာရေးကူညီမှုအသင်းအစီအစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ရဟန်းရှင်လူပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အဆိုပါအသင်းက အပတ်စဉ်စနေနေ့တိုင်း (အခမဲ့) စေတနာ့ဝန်ထမ်း ဆရာဝန်လေးဦးနှင့် တိုင်းရင်းဆေးဆရာတစ်ဦး၊ ဆေးဝါးကျွမ်းကျင်သူ စေတနာရှင် ၃၀ တို့ စုပေါင်း၍ မြို့နယ်အတွင်းနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူ၃၀၀ ကျော်ကို အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မောင်လွင်(စလင်း)

# လွိုင်လင်မြို့နယ်ရှိ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံ

**လွိုင်လင် မေ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း ရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေး လုပ်ငန်းများ သက်ဆိုင်ရာ ကျေးရွာများသို့ လုပ်ငန်းလွှဲပြောင်း အပ်နှံပွဲကို မေ ၁၉ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းထွန်းက အမှာစကား ပြောကြားပြီး ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှူး ဦးသန်းနိုင်က ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၁၆ ရွာမှ ကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်း မှတ်တမ်းလွှာများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာ ၁၆ ရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတစ်ခု၊ မြေသားလမ်း ချဲ့ထွင်ခြင်းလုပ်ငန်း ငါးခု၊ ကျေးလက်ရေ ရရှိရေးလုပ်ငန်း အတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းခြောက်ခု၊ ဘက်စုံသုံး ခန်းမ တည်ဆောက်ခြင်းလုပ်ငန်း တစ်ခု၊ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းနှစ်ခုနှင့် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း တစ်ခုတို့ကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်း ရန်ပုံငွေကျပ် သန်း ၂၄၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၈၃၃ သန်း တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

# ဒေးဒရဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ကြဲပက်စိုက်ပျိုး



**ဒေးဒရဲ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲ မြို့နယ်အတွင်းရှိ စိုက်ပျိုး လယ်မြေများ၌ မြေဆီလွှာဖွံ့ဖြိုး တိုးတက်ရေးနှင့် စပါးအထွက်နှုန်း ပိုမိုတိုးတက်စေရေး မိုးစပါး စိုက်ပျိုးမည့် လယ်မြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်စိုက်ပျိုး ပွဲကို ယနေ့နံနက်ပိုင်းက ရွှေတောင်ကုန်း ကျေးရွာရှိ တောင်သူ ဦးမြင့်မောင်၏ လယ်မြေ ငါးဧက၌ ပြုလုပ်သည်။

ယင်းသစ်စိမ်း မြေဩဇာ ကြဲပက်စိုက်ပျိုးပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုပေါင်း၍ မျိုးစေ့များ ကြဲပက်စိုက်ပျိုးပေးခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြို့သန့်ရှင်းသာယာ လှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့် ဈေးများတွင် ဆောင်ရွက်သည်။

ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီး-ကျောက်တလုံးကြီးသွားလမ်းမဘေး၊ တောင်ကြီး တက္ကသိုလ်ဝန်ထမ်းအိမ်ရာအနီး ရေမြောင်းကို မိုးရာသီရေစီးရေလာ ကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေး ဌာန ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် စည်ပင်သာယာရေးဌာနမှ စက်ယန္တရားယာဉ်ဖြင့် ပူးပေါင်း ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ ရွှေ့လျားရေသန့်စင်စက်ဖြင့် ရေဖြန့်ဝေ

**နေပြည်တော် မေ ၁၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ လျှော်လှူပ်မှုကြောင့် ထိခိုက်ခဲ့သည့် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိစေရန်အတွက် ရွှေ့လျားရေသန့်စင်စက်ဖြင့် ရေဖြန့်ဝေပေးလျက်ရှိသည်။

ညောင်ကုန်းခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ အတွက် ရွှေ့လျားရေသန့်စင်စက်ဖြင့် ရေဖြန့်ဝေပေးနေမှုများကို မေ ၁၉ ရက်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးတင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်လွဲ့လွဲ့နိုင်နှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မောင်ခိုင်



**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

## ထန်းတပင်မြို့နယ်၌ နှစ်ဦးအထူးဓမ္မသဘင်ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့ အမှတ်(၂)ရပ်ကွက် ကုမုဒြာပန်းခြံ၌ နှစ်ဦးအထူး ဓမ္မသဘင်ကို ယမန်နေ့က ကျင်းပသည်။



နှစ်ဦးအထူးဓမ္မသဘင်တရားပွဲတွင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ နဂါးရစ်တောင် ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တ ဝိသုဒ္ဓမဟာရ် (Ph.D.USA) (W.C.H.Thailand) က နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ဟောကြားချီးမြှင့်တော်မူခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တရားနာပရိသတ်များက တရားတော်မြတ်ကို နာယူကြသည်။

ထို့နောက် နဂါးရစ်တောင်ဆရာတော်ကြီးအား ဓမ္မပူဇာအလှူ စုစုပေါင်း ငွေကျပ် ၂၆၆၃၆၉၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တရားနာပရိသတ်များက ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကလောမြို့၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့

**ကလော မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ မြို့နယ်ခန်းမ၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်က သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကန်တော့ခံ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများအား ပစ္စည်းနှင့် အလှူငွေများ ပူဇော်ကန်တော့ခဲ့ကြသည်။

သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲတွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၄၀ နှင့် အဘွား ၈၃ ဦး စုစုပေါင်း ၁၂၃ ဦးတို့အတွက် အလှူငွေ၊ ဆေးပစ္စည်း၊ အဝတ်အထည်တို့ကို ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်အတွင်းရှိ အိမ်ထောင်စုအလိုက် စားသောက်ဖွယ်ရာပစ္စည်းများလှူဒါန်း

**မဟာအောင်မြေ မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မဟာအောင်မြေမြို့နယ်အတွင်းရှိ အိမ်ထောင်စုအလိုက် စားသောက်ဖွယ်ရာပစ္စည်းများကို ယနေ့နံနက်ပိုင်းက လှူဒါန်းသည်။

အဆိုပါ လှူဒါန်းမှုများကို မဟာအောင်မြေမြို့နယ် (၁၈) ရပ်ကွက်ရှိ အိမ်ထောင်စု တစ်စုလျှင် ကွတ်ကီး နှစ်ထုပ်၊ သောက်ရေသန့်တစ်ဘူး၊ ခတ်ဆားရည်တစ်ဘူး၊ ငါးခြောက် ၂၅ ကျပ်သား၊ ခေါက်ဆွဲခြောက် အသေးလေးထုပ်နှင့် အိမ်ထောင်စုဝင် တစ်ဦးလျှင် ဆန်တစ်ပြည်စီ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချ



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ပြည်သူများ အသွားအလာများသော ဈေးများ၊ လမ်းဆုံလမ်းထောင့်တို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး အဖွဲ့တို့က ကြီးကြပ်၍ ဝန်ထမ်းများက ကြက်ဥများ ရောင်းချပေးရာတွင် Myanmar C.P Livestock Co., Ltd. မှ ကြက်ဥ အလုံးရေ ၁၄၀၀၀ နှင့် ကျော်ဖြိုးဟိန်းကြက်ဥဒိုင်မှ ကြက်ဥအလုံးရေ ၂၀၀၀ စုစုပေါင်း ကြက်ဥအလုံးရေ ၁၆၀၀၀ ကို တစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ယနေ့ နံနက်ပိုင်းမှစ၍ ရောင်းချပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်

**သာပေါင်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် ပြည်သူများ ပူးပေါင်းကာ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇောထိုက်နှင့်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းကာ မြို့အဝင်စစ်ဆေးရေးဂိတ်မှ စတင်ကာ သာပေါင်း-ပုသိမ် ကားလမ်းမတစ်လျှောက် မြို့ဦးမဟာဗောဓိစေတီတော်အထိ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောက်ဥက္ကလာပမြို့နယ်၌ ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ အများပြည်သူများအား ကြက်ဥများကို ဈေးနှုန်းချိုသာစွာဖြင့် ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်း သတ်မှတ်နေရာများတွင် ရောင်းချပေးခဲ့ကြသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ကြက်ဥအလုံးရေ ၂၁၀၀၀ ကို မြို့နယ်အတွင်းရှိ ရပ်ကွက်များအလိုက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်



**ဝါးခယ်မ မေ ၁၉**

၂၀၂၅ - ၂၀၂၆ မိုးစပါးရာသီတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် မြေဆီလွှာ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ဝါးခယ်မ မြို့နယ်ရေလိန်ကျေးရွာရှိ တောင်သူ ဦးခင်မောင်ရီ၏ လယ်မြေ ၃ ဒသမ ၄၄ ဧကတွင် ပြုလုပ်သည်။

မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ ဥက္ကဋ္ဌက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါး ပန်းတိုင်အထွက်နှုန်း ရောက်ရှိရေး၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ ကောင်းမွန်ပြီး သွင်းအားစု ဓာတ်မြေဩဇာများ လျှော့ချသုံးစွဲနိုင်မည် ဖြစ်ကြောင်း၊ သီးနှံအထွက်တိုးကာ တောင်သူများ ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးကာ ပိုက်ဆံလျှော်စုပေါင်းကြဲပက်ပွဲကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့ကမော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ -

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ကျွမ်းကျင်ပညာရှင်များနှင့် အလုပ်သမားများက အချိန်မီပြီးစီးရေးဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ ဧပြီ ၁၉**

မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေး ဖောင်တော်ဦး မြတ်စွာဘုရားရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီ ကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့က ဘုရားကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။



ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရင်ပြင်တော်နှင့် စံကျောင်းတော် ပင်မဆောင် ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ယခုနှစ်သီတင်းကျွတ်လပြည့် ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ ပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများဖြင့် အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်း ထည့်ဝင် လှူဒါန်းငွေကျပ် ၁၂၀၅၈၅၂၀၀ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ရက် ၂၀ မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေး



**နေပြည်တော် ဧပြီ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ရက် ၂၀ မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချ ပေးကြောင်း သိရှိရသည်။

မတ် ၃၀ ရက်မှ ဧပြီ ၁၉ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဩသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၈၉၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း)အိတ် ၂၀၃၀၊ ဆီ ၂၁၉၈၅ ပိဿာ၊ ဆားကြမ်း ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆားချော ၂၅ ကျပ်သားပါအိတ် ၃၈၇၂ ထုပ်၊ ငါးပိ ၂၀ ကျပ်သားပါ ဘူး ၁၀၅၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၇၃၃ ထုပ်၊ ကြက်ဥအလုံး ၉၀၊ ဘဲဥ အလုံး ၂၀၊ ငါးနီတူခြောက်များ၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) အိတ် ၄၄၀၊ စားအုန်းဆီ ပိဿာ ၃၃၀၀၀၊ ခေါက်ဆွဲခြောက် ၃၅၂၈၊ ကုလားပဲ ၂၅ ကျပ်သားထုပ် ၃၅ ထုပ်၊ ငါးပိ ၂၅ ကျပ်သားပါဘူး ၃၀၊ ဆားချော ၅၀ ကျပ်သားပါ ၃၇ ထုပ်၊ ကြက်ဥ ၁၀၄၃ လုံး၊ ဘဲဥ ၅၂၅ လုံး၊ ငါးနီတူခြောက် ၂ ဒသမ ၅ ပိဿာ ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၄၆ အိတ်၊ စားအုန်းဆီ ပိဿာ ၃၅၂၀၊ ကုလားပဲ ဘူး ၄၀၊ ဆားကြမ်း ၇ ပိဿာ၊ ငါးပိ ၅ ပိဿာ၊ ကြက်ဥ ၄၄၅၆ လုံး၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာ၊ ငါးနီတူခြောက် ၂ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့သည်။ **သတင်းစဉ်**

## မန္တလေးမြို့ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ဒေသပေါက်ဈေးထက် သက်သာသည့်နှုန်းထားဖြင့် ကြက်ဥ ၁၀၀၀၀ ရောင်းချပေး



**နေပြည်တော် ဧပြီ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ငလျင်ဘေးသင့် ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ကြက်ဥအလုံးရေ ၁၀၀၀၀ အား ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးရှေ့၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မတ် ၃၁ ရက်မှ ဧပြီ ၁၈ ရက်အထိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ကြက်ဥ ၄၁၉၆၅ လုံးနှင့် ငါး ၂၃၀၇ ပိဿာကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ငါး ၃၇၃၇ ပိဿာကို အခမဲ့လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဆက်လက်၍လည်း နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ ငလျင်ဘေးသင့် ပြည်သူများအား ကြက်ဥ၊ ကြက်သားနှင့် ငါးများကိုသက်သာသောဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဝေရောင်းချပေးသွားရန် စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

**တောင်ငူ ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကြည်သိုက်မှ ကြီးမှူးကျင်းပသည့် တောင်ငူမြို့၏ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်ဦး အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဂန္ဓဝင်ကိုးခန်းသိမ်တော်တွင် ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့ ကြာနီကန်စာသင်တိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယမဟာထေရ် အရှင်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က နှစ်ဦး အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ရခြင်းရည်ရွယ်ချက်နှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် သြဝါဒါစရိယဆရာတော်ကြီးများကို အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ နှစ်ဦးအသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တောင်ငူခရိုင်သာသနာရေးဦးစီးဌာနမှ သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

## မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသ ကေလာကျေးရွာ အုပ်စုအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်

**ညောင်ရွှေ ဧပြီ ၁၉**

မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသ ကေလာကျေးရွာအုပ်စုရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယနေ့တွင် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ ကံ့ကော်ဆောင် စနစ်တကျ ဖျက်သိမ်းခြင်း၊ ပြိုကျပျက်စီးသွားသည့် ကျေးရွာအတွင်းရှိ လူနေအိမ်များ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ယိုင်လဲသွားသည့် နေအိမ်များ တည့်မတ်ခြင်း၊ ယာယီမိုးကာတဲများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ကျွမ်းကျင်လက်သမားများနှင့် လုပ်အားဒါနရှင်များ၊ ဒေသခံပရဟိတအဖွဲ့များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကေလာကျေးရွာအုပ်စုအတွင်း မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပြိုကျပျက်စီးအိမ် ၈၂၈ အိမ်၊ တစ်စိတ်တစ်ပိုင်းပျက်စီးအိမ် ၄၉ အိမ် စုစုပေါင်း ၈၇၇ အိမ်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံတကာယာယီတည်းခိုရေးစခန်း စံချိန်စံနှုန်းတွေနဲ့အညီ တည်ဆောက်ထားတာဖြစ်တဲ့အတွက် ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေ စိတ်ရော ကိုယ်ရောလုံခြုံမှုတွေ အပြည့်အဝခံစားရပြီး စိတ်ဓာတ်ခွန်အားတွေပါ ရရှိစေမယ်လို့ ယုံကြည်ပါတယ်။

**မဖူးဖူး(UAB Foundation)**

**နေပြည်တော် ဧပြီ ၁၉**

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးခြင်းနှင့် ကြီးမားစွာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယာယီတည်းခိုရေးစခန်းများကို တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။



ဦးအောင်မြင့်ဝင်း




မဖူးဖူး




ကိုပြည်စိုး



ဓနသိဒ္ဓိရပ်ကွက် ယာယီတည်းခိုရေးစခန်း အမှတ်(၁) တည်ဆောက်ထားမှုကို တွေ့ရစဉ်။



Community Center နှင့် ထမင်းစားဆောင်အဖြစ် အသုံးပြုနိုင်မည့် ယာယီခန်းမ။

ထိုသို့ ယာယီနေရာချထားပေးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဓနသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်း အမှတ်(၁)သို့ သွားရောက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုအခြေအနေ၊ ရေ၊ မီး၊ မိလ္လာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှုအခြေအနေတို့ကို မြေပြင်ကွင်းဆင်းလေ့လာကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုများကို ရေးသားဖော်ပြလိုက်ပါသည်-

**ဦးအောင်မြင့်ဝင်း (အုပ်ချုပ်ရေးမှူး၊ ဓနသိဒ္ဓိရပ်ကွက်)**

ကျွန်တော်နဲ့အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လုံခြုံရေးအဖွဲ့တို့က ဓနသိဒ္ဓိရပ်ကွက် ယာယီတည်းခိုရေးစခန်း တည်ဆောက်ရေးမှာ UAB Foundation နဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ အိပ်ဆောင်သုံးဆောင်ရှိပြီး မိုးကာတဲပေါင်း ၂၆၈ လုံး ရှိပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ ရေသန့်စက်၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာ၊ Community Center၊ ကျန်းမာရေးစောင့်ရှောက်ခန်းနဲ့ Management Center တွေ စနစ်တကျတည်ဆောက်ထားပါတယ်။ သောက်ရေသန့်အတွက် UAB Foundation က ရေသန့်စက်တွေနဲ့ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ချိုးရေအတွက်နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ မီးလင်းရေးအတွက်ကိုလည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီစဉ်ပေးထားပါပြီ။ ဒီယာယီတည်းခိုရေးစခန်းမှာ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုများ လုံခြုံစိတ်အေးချမ်းသာစွာနဲ့ နေထိုင်နိုင်ဖို့အတွက် အဘက်ဘက်က ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

**မဖူးဖူး(UAB Foundation)**

UAB Foundaion အနေနဲ့ ဓနသိဒ္ဓိရပ်ကွက် အားကစားကွင်းမှာ ယာယီတည်းခိုရေးစခန်း တည်ဆောက်ထားတာဖြစ်ပါတယ်။ UAB Foundation ငလျင်ဘေးသင့် ယာယီတည်းခိုရေးစခန်းကို ငွေကျပ် ၁၀ ဘီလီယံ မတည်ခဲ့တာဖြစ်ပြီး အခုဆိုရင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာဆိုရင် ပုံမှန်တည်းခိုရေးစခန်းတွေလို တည်ဆောက်ထားတာ မဟုတ်ပါဘူး။ အမိုးအကြီးကို အရင်တည်ဆောက်ပြီးမှ ကိုးထပ်သားပြားအပေါ်မှာ မိုးကာတဲတွေကို အခန်းလိုက် စီစဉ်ပေးထားတာဖြစ်ပါတယ်။ မိုးကာတဲတစ်ခုမှာ မိသားစုလေးယောက်ခန့်နေထိုင်နိုင်မယ့် မိုးကာတဲပေါင်း ၂၆၈ လုံး ရှိပါတယ်။ မိုးကာတဲတွေမှာဆိုရင် ခြင်လုံဆန်ခါပါတဲ့အတွက် ခြင်လည်းမဝင်သလို အပူဒဏ်ကိုလည်း သက်သာစေပါတယ်။ UAB Foundaion အနေနဲ့ ယခင်သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့တဲ့နေရာတွေကို လှူဒါန်းမှုနဲ့ ကယ်ဆယ်မှုတွေ အဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ငလျင်ဘေးသင့်တဲ့ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း ဆက်လက်လှူဒါန်းသွားဖို့ ရှိပါတယ်။

အခု ငလျင်သဘာဝဘေးမှာဆိုရင် အဓိကသောက်သုံးရေသန့်နဲ့ ယာယီမိုးလုံလေလုံနေထိုင်နိုင်ရေးကို ပိုပြီးဦးစားပေးပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ ကိုယ့်အိမ်မှာ နေထိုင်ရသလို ခံစားမှုမျိုးရအောင် စီစဉ်ထားပါတယ်။ အိမ်သာဆိုရင်လည်း Mobile Toilet တွေကို ကျား၊ မ ခွဲခြားထားပြီး စုစုပေါင်းအလုံး ၄၀ ထားရှိပါတယ်။ ချိုးရေအတွက်ဆိုရင်လည်း ကျား၊ မ ခွဲခြားထားပြီး အကာအရံနဲ့ စီစဉ်ပေးထားပါတယ်။ ရေစည်ပိုင်းလေးခုပါတဲ့ ရေချိုးဆောင် ၁၂ ဆောင်ရှိပါတယ်။ စားဖိုချောင်မှာဆိုရင် စဉ်းတီတုံးကအစ ထားပေးပြီး ထင်း သို့မဟုတ် မီးသွေး ကြိုက်နှစ်သက်ရာ အသုံးပြုနိုင်ပါတယ်။ ၂၄ ယောက် တစ်ပြိုင်တည်းချက်ပြုတ်နိုင်တဲ့ အဆောင်ခုနစ်ဆောင် စီစဉ်ထားပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုရှိခဲ့ရင် မီးလင်းဖို့အတွက် အရန်မီးစက်တွေ စီစဉ်ပေးထားပါတယ်။

Community Center နဲ့ ထမင်းစားဆောင်ဆိုပြီး နှစ်မျိုးအသုံးပြုလို့ရမယ့်နေရာလည်းရှိပါတယ်။ ဒီ Center မှာဆိုရင် Air cooler၊ Water Fan၊ ရေခဲသေတ္တာ၊ လက်ဆေးဘေစင်နဲ့ ရေနွေးကောင်တာတွေ ရှိပါတယ်။ ကုသိုလ်ရှင်တွေ လှူဒါန်းမှုပြုလုပ်ချင်တယ်ဆိုရင်လည်း ဒီနေရာမှာ ပြုလုပ်ရမှာဖြစ်ပါတယ်။ Management Center လည်း ထားရှိတဲ့အတွက် လှူဒါန်းမှုပစ္စည်းတွေကိုလည်း သေချာစိစစ်ပြီး တန်းတူညီမျှ ရရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုများ ကျန်းမာရေးစောင့်ရှောက်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။ လန်းဆန်းမှု၊ နွေးထွေးမှုတွေနဲ့ အေးချမ်းမှုတွေ ရရှိစေဖို့ ရည်ရွယ်ချက်နဲ့ ယာယီတည်းခိုရေးစခန်း အဝင်လမ်းမှာဆိုရင် ပန်းအိုးလေးတွေ အစီအရီချထားတာရှိပါတယ်။ ဒီယာယီတည်းခိုရေးစခန်းကို နိုင်ငံတကာ ယာယီတည်းခိုရေးစခန်း စံချိန်စံနှုန်းတွေနဲ့အညီ တည်ဆောက်ထားတာဖြစ်တဲ့အတွက် ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေ စိတ်ရော ကိုယ်ရောလုံခြုံမှုတွေ အပြည့်အဝခံစားရပြီး စိတ်ဓာတ်ခွန်အားတွေပါ ရရှိစေမယ်လို့ ယုံကြည်ပါတယ်။

**ကိုပြည်စိုး(UAB Foundation)**

ကျွန်တော်က ရေသန့်ထုတ်လုပ်ရေးအပိုင်းကို တာဝန်ယူဆောင်ရွက်ပါတယ်။ ဒီတည်းခိုရေးစခန်းမှာ နိုင်ငံတကာအဆင့်မီ အထိုင်ရေသန့်စက်နဲ့ ရွှေ့ပြောင်းရေသန့်စက် စုစုပေါင်းရေသန့်စက်သုံးလုံးနဲ့ လည်ပတ်နေပါတယ်။ ရေသန့်စက်တစ်လုံးက တစ်နာရီကို လီတာ ၅၀၀ ထွက်ရှိပါတယ်။ ဓနသိဒ္ဓိရပ်ကွက်ရဲ့ ရေဖြန့်ဖြူးရေးစခန်းမှာ အဲဒီစက်တွေ တပ်ဆင်ပြီး သောက်သုံးရေနဲ့ မီးဖိုချောင်သုံးရေကို ပေးဝေသွားမှာဖြစ်ပါတယ်။ အခုဆိုရင် ဒီယာယီတည်းခိုရေးစခန်းမှာ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေကို နေရာမချထားရသေးတဲ့အတွက် တခြားယာယီတည်းခိုရေးစခန်းနဲ့ ရေလိုအပ်တဲ့နေရာတွေကို လှူဒါန်းနေပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေ နေရာချထားပေးလို့ သောက်ရေသန့် လိုအပ်ချက်များလာခဲ့ရင် နောက်ထပ် အရန်စက် သုံးလုံးရှိပါသေးတယ်။ ကျွန်တော်တို့က ယခင်က သဘာဝဘေးဖြစ်ခဲ့တဲ့ နေရာတွေကိုလည်း ရေသန့်စက် တွေ လှူဒါန်းခဲ့ပါတယ်။ ငလျင်ဘေးသင့်တဲ့ တခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း လှူဒါန်းသွားမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - အေးအေးသန့်**
**ဓာတ်ပုံ - ကိုအေးသန်း**




ရွှေ့လျားအိမ်သာ (Mobile Toilet) များ တည်ဆောက်ထားရှိစဉ်။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့အတွင်းရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးပြီး ယခုနှစ် ပညာသင်နှစ်အမီ ကျောင်းအပ်နှံလာမည့် ကျောင်းသား ကျောင်းသူများ ခန့်မှန်းအင်အားအတိုင်း စာသင်ဆောင်များ လုံလောက်မှုရှိစွာ ပညာသင်ကြားနိုင်ရေးနှင့် ပျက်စီးသွားသော စာသင်ဆောင်များ အမြန်ပြုပြင်နိုင်ရေး၊ ဝန်ထမ်းများ လုံခြုံစွာနေထိုင်နိုင်ရေးနှင့် စားသောက်မှု အဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ်ကွက်အတွင်းရှိ အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကျောက်ဆည်မြို့ ညောင်ခြောက်ပင် ရပ်ကွက် ပတ္တမြားလမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



## ကြည့်ရှုစစ်ဆေး

**ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ်။**

ယင်းနောက် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ရာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ခွင့် တင်ပြလာချိန်တွင် လျှင်ဒဏ် ရစ်(ခ်)တာစကေး ၈ အဆင့်အထိ ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုရန်အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ SOP ကြိုတင်ရေးဆွဲထားရန် လိုအပ်ပြီး ရေးဆွဲထားသည့် SOP နှင့်အညီ စိစစ်၍ ဆောက်လုပ်ခွင့်ပြုသွားရန်၊ ပြန်လည်တည်ဆောက်မှုများအပေါ် အသေးစိတ်စစ်ဆေးဆောင်ရွက်ရန်၊ မကြာမီမိုးတွင်းကာလရောက်ရှိတော့မည် ဖြစ်သည့်အတွက် ယာယီအဆောက်အအုံများဖြင့် နေထိုင်သူများ အနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလာနိုင်၍ ဆေးဝါးများ ကြိုတင်ပြင်ဆင်ထားရန်၊ မိုးတွင်းကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ အတွက် ကယ်ဆယ်ရေး ပစ္စည်းများ၊ ဆေးဝါးများ အသင့်ဖြစ်စေရေးနှင့် လူအသင့်၊ ပစ္စည်းအသင့်ဖြင့် စနစ်တကျ စုဖွဲ့ထားရှိရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ပျဉ်းမနားမြို့နယ်အတွင်းရှိ လျှင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြို့တွင်းနေရာများနှင့် သာသနိကအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြေလျှင်ကြီးကြောင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် မြို့တွင်းနေရာများနှင့် သာသနိက အဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ဗိုလ်တောက်ထိန်လမ်းနှင့် ဗိုလ်ချုပ်လမ်းရှိ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ကောင်စီဝင်က ပျက်စီးခဲ့သည့် အဆောက်အအုံများအား စနစ်တကျ ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်အတွင်းရှိ နံတော်စဉ်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဦးကုသလအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆပ်ကပ်လှူဒါန်းပြီး ကျောင်းဝင်းအတွင်း ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ကျောင်းသစ်ဘုန်းတော်ကြီးကျောင်းတိုက်၊ ဘုံမြင့်ကျောင်းတိုက်၊ မစိုးရိမ်ပရိယတ္တိစာသင်တိုက်နှင့် ရတနာဘုမ္မိသာရကျောင်းတိုက်များသို့ သွားရောက်ကာ ဘုန်းတော်ကြီးကျောင်းများအတွင်း သိမ်ကျောင်းနှင့် ကျောင်းဆောင်များ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး



ပျက်စီး အဆောက်အအုံများ ဖယ်ရှား ရှင်းလင်းရေးနှင့် စနစ်တကျ ပြန်လည် တည်ဆောက်ရေးများတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



အော့စဖို့ဒ်အသင်းဘက်သို့ လိဒ်စ်ကစားသမား ဆိုလိုမွန် ဂိုးသွင်းယူစဉ်။

# အော့စဖို့ဒ်ကို အနိုင်ရပြီး ချန်ပီယံရှစ်အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည့် လိဒ်စ်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄၃) အဖြစ် မေ ၁၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အော့စဖို့ဒ်နှင့် လိဒ်စ်အသင်းပွဲစဉ်တွင် လိဒ်စ်အသင်းက ပွဲကစားချိန် ၃၃ မိနစ်တွင် ရရှိခဲ့သော ဆိုလိုမွန်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် လိဒ်စ်အသင်းသည် ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ၄၃ ပွဲကစားပြီးချိန်တွင် ဒုတိယနေရာမှ ဘန်လေအသင်းနှင့် ရမှတ် ၉၁ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ တန်းဆင်းဇုန် ဖိအားရှိသည့် အော့စဖို့ဒ်အသင်း၏ ရန်းအားကြောင့် လိဒ်စ်အသင်း ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသော်လည်း အရေးပါသည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

လိဒ်စ်အသင်းသည် ယခုနှစ်ရာသီ ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ၈၃ ဂိုးဖြင့် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပြီး ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိရန် နီးကပ်လာပြီဖြစ်သည်။ လိဒ်စ်အသင်းသည် လာမည့်ပွဲစဉ်တွင် စတုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အော့စဖို့ဒ်အသင်းသည် ရလဒ်ကောင်းရရှိရေး ခြေကုန်ထုတ်လာသော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ လိဒ်စ်အသင်းသည် ယခုအနိုင်ပွဲကြောင့် နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# တရားမဝင် သစ်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၉**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ဦးအောင်ဇေယျ (၅)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်းလေးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧပြီ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၇၀၂ တန်၊ သစ်မာ ၀ ဒသမ ၃၁၈ တန်၊ အခြားသစ် ၄ ဒသမ ၂၂၃ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၃၃၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၂၃၃၇၀ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည်အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ ဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၁၉**
နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ယမန်နေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၂၅၄ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားတောင်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မှော်ဘီမြို့နယ် သန္ဓေပင်တောင်ပိုင်းနေ စိုးဝင်း (၆၂) နှစ် မောင်းနှင်ပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦးလိုက်ပါလာသည့် YGN-4 4G/..... Suzuki Hijet ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဝဲနောက်လေးကိုင်းတန်းပြုတ်ထွက်ပြီး လားရာတူ နောက်မှ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ သန်းလွင် (၄၉) နှစ် မောင်းနှင်လာသည့် YGN-16 7P/.... Honda Fit Shuttle ယာဉ်မှ ဝင်တိုက်မိသဖြင့် YGN-4 4G/ .... Suzuki Hijet သည် တိမ်းမှောက်သွားခဲ့ပြီး ယာဉ်တိုက်မှုကြောင့် စိုးဝင်း၏ ယာဉ်ပေါ်ပါသူများအနက် အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် စိုးဝင်းနှင့် သန်းလွင်တို့ နှစ်ဦးအား ဘုရားတောင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။



**ရဲပြန်ကြား**

# ဒေါပုံမြို့နယ်၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား



**နေပြည်တော် ဧပြီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လမုတန်းရပ်ကွက်၌ ဧပြီ ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းခဲ့သည်။

ဖြစ်စဉ်အားစိစစ်ခဲ့ရာ အဆိုပါရပ်ကွက်နေ ကျော်မင်း (၇၅)နှစ်၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်ရှိ မီတာဘောက်မှ ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးစတင် လောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ် သုံးလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ကျော်မင်းအား ဒေါပုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# လှည်းကူးမြို့နယ်၌ ယခင်စကားများခဲ့သည့်ကိစ္စ မကျေနပ်သဖြင့် ဓားဖြင့်ခုတ် / တုတ်ဖြင့်ရိုက်ရာမှ အမျိုးသားတစ်ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၉**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဧပြီ ၁၆ ရက်က ယခင်စကားများခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ မကျေနပ်သဖြင့် ဓားဖြင့်ခုတ်/တုတ်ဖြင့်ရိုက်ရာမှ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် ည ၁၀ နာရီတွင် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ကြည်လင်ထွန်း(၃၈)နှစ်သည် ဇနီးဖြစ်သူ မရင်ရင်မျိုးနှင့်အတူ နေအိမ်၌ရှိနေစဉ် တစ်ရပ်ကွက်တည်းနေ ရန်နိုင်ဝင်း(၂၉)နှစ်၊ ထက်နိုင်ဝင်း(၂၈)နှစ်နှင့် နဘဲပင်ကျေးရွာနေ သက်ပိုင်ကျော် (၂၇) နှစ်တို့ သုံးဦးသည် ဓား/တုတ်များကိုင်ဆောင်ကာ နေအိမ်ခြံစည်းရိုးတံခါးအားဖွင့်၍ နေအိမ် တံစက်မြိတ်အောက်သို့ ရောက်ရှိလာပြီး ကြည်လင်ထွန်းအား ယခင်စကားများခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ မကျေနပ်သဖြင့် ဓား/တုတ်တို့ဖြင့် ခုတ်/ရိုက်နှက်ခဲ့သဖြင့် ကြည်လင်ထွန်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ရန်နိုင်ဝင်းပါ ၃ ဦးအား လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဧပြီ ၁၉** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol @ gmail.com, moloffice51@gamil.com, research. org.dol. mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။ ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။

# ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းဆောင်အချို့ ထိခိုက်ပျက်စီး

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူ အထိတ်တလန့် ဖြစ်စေရန်နှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်စေရန်ရည်ရွယ်၍ အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မေ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုကိုလိုလားသည့် အဖွဲ့များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့များသည် မေ ၁၈ ရက် ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် ကော့ကရိတ်မြို့၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာမှ ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ အမှတ် (၄) ရပ်ကွက်ရှိ တောင်ပေါ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တည်ထားသည့် မဟာမြတ်မုနိဝတ်ကြီး ဘုရားကျောင်းဆောင်၏ အနောက်ဘက်မုခ်ဦးအနီး ဖုံးသီးကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ကျောင်းဆောင်အတွင်းရှိ မျက်နှာကြက်များနှင့် အုတ်နံရံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်းဆောင် အချို့ ထိခိုက် ပျက်စီးသွားသည့် ဖြစ်စဉ်နေရာပြပုံ။**




ဘုရားကျောင်းဆောင် ထိခိုက်ပျက်စီးမှုအား တွေ့မြင်ရစဉ်။



ကျောင်းဆောင် ထိခိုက်ပျက်စီးမှုအား တွေ့မြင်ရစဉ်။



ဖုံးသီးကျရောက်ပေါက်ကွဲသည့်နေရာ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

ပရီမီယာလိဂ်ပွဲစဉ် (၃၃) မှ ပွဲစဉ် လေးပွဲကို မေ ၂၀ ရက် ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်အတွင်း ကျရောက်နေတဲ့ အစ်ဆွစ်က အသင်းကြီး အာဆင်နယ်၊ နောက်ဆုံးပြိုင်ပွဲစုံ ၁၀ ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့ လက်စတာက အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးအသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမှာပါ။

**ပရီမီယာလိဂ်ပွဲစဉ် (၃၃)**

ဖူလ်ဟမ် - ချယ်ဆီး
အစ်ဆွစ် - အာဆင်နယ်
မန်ယူ - ဝုဖ်
လက်စတာ - လီဗာပူး

၂၀-၄-၂၀၂၅



ယခင်တွေ့ဆုံမှုတွင် ဝုဖ်အသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ကို မန်ယူဂိုးသမား အိုနာနာ ပုတ်ထုတ်ကာကွယ်စဉ်။

# အိုးထရက်ဖို့ဒ်မှာ ဝုဖ်ကို မန်ယူအသင်း ရှုံးကြွေးပြန်ဆပ်နိုင်မလား

## ဖူလ်ဟမ် Vs ချယ်ဆီး ည ၇း၃၀

ဖူလ်ဟမ်က နောက်ဆုံးလေးပွဲမှာ သုံးပွဲအထိ ရှုံးနိမ့်ထားတယ်။ ချယ်ဆီးက ဖူလ်ဟမ်အသင်းထက်မှာ ရပ်တည်နေသော်ငြား နှစ်သင်းကြား ခြေစွမ်းကွာဟမှု သိသိသာသာမရှိဘူး။ ချယ်ဆီးက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတယ်။ ဖူလ်ဟမ်အသင်းရော ချယ်ဆီးအသင်းပါ ဥရောပဝင်ခွင့်ရရှိရေးအတွက် ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။

| ဖူလ်ဟမ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဖူလ်ဟမ် ၃ - ၂ လီဗာပူး | ဂျီမီနက်ဇ် (၃၃ နှစ်) |
| ဘုန်းမောက် ၁ - ၀ ဖူလ်ဟမ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၃ ကြိမ် |

| ချယ်ဆီးရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ချယ်ဆီး ၂ - ၂ အစ်ဆွစ် | ပဲလ်မာ (၂၂ နှစ်) |
| ချယ်ဆီး ၁ - ၂ လက်ဂီယာ | သွင်းဂိုး + ဂိုးဖန်တီးမှု = ၂၂ ကြိမ် |

## အစ်ဆွစ် Vs အာဆင်နယ် ည ၇း၃၀

အစ်ဆွစ်က ဒီရာသီယှဉ်ပြိုင်ကစားခဲ့တဲ့ လိဂ်အိမ်ကွင်း ၁၆ ပွဲမှာ တစ်ပွဲသာနိုင်ပွဲရတဲ့အထိ အိမ်ကွင်းစွမ်းဆောင်ရည် ဆိုးရွားတယ်။ အာဆင်နယ်က ဖေဖော်ဝါရီ ၂၂ ရက်နောက်ပိုင်း ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘူး။ သို့သော်ငြား တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမယ့် အစ်ဆွစ်ရဲ့ ရုန်းအားကြောင့် အာဆင်နယ်အသင်း သွင်းဂိုးရရေး အခက်တွေ့နိုင်တယ်။

| အစ်ဆွစ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| အစ်ဆွစ် ၁ - ၂ ဝုဖ် | ဒီလက်ပ် (၂၂ နှစ်) |
| ချယ်ဆီး ၂ - ၂ အစ်ဆွစ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၄ ကြိမ် |

| အာဆင်နယ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| အာဆင်နယ် ၁ - ၁ ဘရန့်ဖို့ဒ် | ဆာကာ (၂၃ နှစ်) |
| ရီးရဲမက်ဒရစ် ၁ - ၂ အာဆင်နယ် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၆ ကြိမ် |

## မန်ယူ Vs ဝုဖ် ည ၇း၃၀

မန်ယူရဲ့ ခြေစွမ်းက ပုံမှန်မရှိဘူး။ တိုက်စစ်စွမ်းဆောင်ရည်ပိုင်းလိုအပ်ချက်ရှိတယ်။ ပြိုင်ဘက်ဝုဖ်က နောက်ဆုံးလေးပွဲဆက် နိုင်ပွဲရထားတယ်။ ခြေစွမ်းကျစ်လျစ်ပြီး တည်ငြိမ်တဲ့ကစားဟန်ရှိတယ်။ အိမ်ကွင်းစွမ်းဆောင်ရည် ကောင်းမွန်တတ်လေ့ရှိတဲ့ မန်ယူအသင်းကို အိုးထရက်ဖို့ဒ်ကွင်းမှာ ဝုဖ်အသင်း အနိုင်ယူကျော်ဖြတ်ဖို့ မလွယ်ကူတဲ့အခြေအနေမှာရှိတယ်။

| မန်ယူရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ကာဆယ် ၄ - ၁ မန်ယူ | ဖာနန်ဒက်စ် (၃၀ နှစ်) |
| မန်ယူ ၅ - ၄ လိုင်ယွန် | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၇ ကြိမ် |

| ဝုဖ်ရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| အစ်ဆွစ် ၁ - ၂ ဝုဖ် | ကွန်ဟာ (၂၅ နှစ်) |
| ဝုဖ် ၄ - ၂ စပါး | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၈ ကြိမ် |

## လက်စတာ Vs လီဗာပူး ည ၁၀း၀၀

လက်စတာက ဒီပွဲစဉ်မနိုင်ရင် တန်းဆင်းရမယ့်အရေးနဲ့ အတော်လေးနီးကပ်သွားမှာဖြစ်တာကြောင့် အသင်းကို သေချာပြင်ဆင်လာမှာပါ။ လီဗာပူးကလည်း ဒီပွဲစဉ်နိုင်ရင် ဖလားဆွတ်ခူးဖို့ အတော်လေးနီးစပ်သွားမှာဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ ခံစစ်ပိုင်းဆိုးရွားတဲ့ လက်စတာအသင်းအနေနဲ့ ဆာလာဦးဆောင်လာမယ့် လီဗာပူးတိုက်စစ်ကို ထိန်းချုပ်ဟန့်တားဖို့ မလွယ်ဘူး။

| လက်စတာရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| လက်စတာ ၀ - ၃ ကာဆယ် | ဗာဒီ (၃၈ နှစ်) |
| ဘရိုက်တန် ၂ - ၂ လက်စတာ | သွင်းဂိုး + ဂိုးဖန်တီးမှု = ၁၀ ကြိမ် |

| လီဗာပူးရဲ့နောက်ဆုံးနှစ်ပွဲရလဒ် | စောင့်ကြည့်ရမယ့် ကစားသမား |
|---|---|
| ဖူလ်ဟမ် ၃ - ၂ လီဗာပူး | ဆာလာ (၃၂ နှစ်) |
| လီဗာပူး ၂ - ၁ ဝက်စ်ဟမ်း | သွင်းဂိုး + ဂိုးဖန်တီးမှု = ၄၅ ကြိမ် |

## စီးရီးအေ ပွဲစဉ် (၃၃) တွင် ကိုမိုက တိုက်စစ်ခြေစွမ်းပြပြီး လက်ချီကို သုံးဂိုးပြတ်အနိုင်ရ

အီတလီစီးရီးအေ ပွဲစဉ် (၃၃) အဖြစ် လက်ချီနှင့် ကိုမိုအသင်းပွဲစဉ်ကို မေ ၁၉ ရက် ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ကိုမိုအသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ လက်ချီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည့် ဗနီဇီယာအသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းလာပြီဖြစ်သည်။ နောက်ပိုင်းပွဲစဉ်များတွင် ခြေစွမ်းပြသထားနိုင်သည့် ကိုမိုအသင်းသည် ယခုပွဲစဉ်တွင်လည်း ပြိုင်ဘက် လက်ချီအသင်းကို ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ခြေစွမ်းပြကာ ဖိအားပေးကစားနိုင်ခဲ့သည်။

ကိုမိုအသင်းအတွက် သွင်းဂိုးများကို ဒီယာအိုနှင့် ဂိုဒါနီဂါတို့က သွင်းယူပေးခဲ့သည်။ ကိုမိုအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် စီးရီးအေ ၃၃ ပွဲကစားပြီး နိုင်ပွဲ ၁၀ ရှိလာပြီ ဖြစ်သည်။ ပြိုင်ဘက် လက်ချီက စီးရီးအေ ၃၃ ပွဲကစားပြီး ရှုံးပွဲ ၁၉ ပွဲရှိလာပြီ ဖြစ်သည်။

## ဘိုင်ယန်မြူးနစ်က ဟိုင်ဒင်ဟိန်းကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဖလားဆွတ်ခူးရေး နီးကပ်လာ

မေ ၁၉ ရက် ည ၈ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၀) တွင် ဘိုင်ယန်မြူးနစ်အသင်းက ဟိုင်ဒင်ဟိန်းကို လေးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဟိုင်ဒင်ဟိန်းအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေစွမ်းအသာဖြင့် ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။ ဟိုင်ဒင်ဟိန်းအသင်းသည် ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ထိုးဖောက်တိုက်စစ်ဆင်မှုအချို့သာ ပြုလုပ်နိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ကိန်း၊ လေမာ၊ ကိုးမန်းနှင့် ကင်မစ်ချ်တို့က သွင်းယူပေးခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၀) အပြီးတွင် ရမှတ် ၇၂ မှတ်ဖြင့် ရာသီမပြီးဆုံးမီ အမှတ်ပေးဖလားဆွတ်ခူးရန် လက်တစ်ကမ်းအလို ရောက်ရှိလာပြီ ဖြစ်သည်။

ဟိုင်ဒင်ဟိန်းအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ဘွန်ဒက်စ်လီဂါပွဲ ၃၀ ကစားပြီး ရမှတ် ၂၂ မှတ်သာ စုဆောင်းရရှိထားသောကြောင့် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် မဖြစ်မနေ နိုင်ပွဲရရေး ကြိုးပမ်းရတော့မည် ဖြစ်သည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၀) မှ အခြားပွဲစဉ်ရလဒ်များတွင် ဖရိုင်းဘတ်က ဟိုဖန်ဟိန်းကို သုံးဂိုး-နှစ်ဂိုး၊ ဝဒါဘရီမင်က ဘိုချန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး မိန့်ဇ်နှင့် ဝုဖ်ဘတ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ကာ လိုက်ပ်ဇစ်နှင့် ဟိုးလ်စတိန်းကီးလ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

## နာမည်ကြီးဆွီယာတက်ခ်ကို အနိုင်ယူပြီး စတုဂတ်အိုးပင်းဆီမီးသို့ အော့စတာပင်ကို တက်လှမ်း

စတုဂတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် လတ်ဗီးယားတင်းနစ်မယ် ဂျီလီနာ အော့စတာပင်ကိုသည် နာမည်ကြီး ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်ကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းသည် ဆွီယာတက်ခ်ကို အကြိတ်အနယ်ကစားပြီး ၆-၃၊ ၃-၆၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ အော့စတာပင်ကိုသည် စတုဂတ်အိုးပင်းပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ယာစထရင်မ်ကာ၊ ၁၆ ဦးအဆင့်တွင် အမေရိကန်တင်းနစ်မယ် နာဗာရိုတို့ကို ကျော်ဖြတ်ထားသည်။

အော့စတာပင်ကိုနှင့်အတူ စတုဂတ်အိုးပင်းဆီမီးဖိုင်နယ်သို့ ရုရှားတင်းနစ်မယ် အဲလက်ဇန်ဒရိုဗာ တက်လှမ်းနိုင်ခဲ့သည်။ ၎င်းသည် ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်မယ် ပဲဂူလာနှင့် တွေ့ဆုံခဲ့ပြီး ၆-၀၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အော့စတာပင်ကိုသည် စတုဂတ်အိုးပင်းဆီမီးဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် အဲလက်ဇန်ဒရိုဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



အော့စတာပင်ကို

မိုးဇက် - စုစည်းသည်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈

၁။ ဒေါ်မိုးသီတာ နှင့် ဦးရှီလောင်
၂။ ဦးသက်နိုင်ဇော်

တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅၂x၅၃လမ်းကြား၊ ၁၃၀x၁၃၁လမ်းကြားနေ ဦးရှီလောင် (ဘ) ဦးဟိလွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မိုးသီတာနှင့် ဦးသက်နိုင်ဇော်တို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၃)၊ (ယခင် အမရပူရမြို့၊ ကွင်းအမည်(ဖျောက်ဆိတ်ကုန်း)၊ ကွင်းအမှတ်(၅၁၄-က)၊ ဦးပိုင် အမှတ်(၂၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ ဦးရှီလောင် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၅ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၉

ဦးမောင်ထွေး နှင့် ဗိုလ်ကြီးဒေါ်ဆောင်းတင်(ခ)
ဒေါ်သောင်းတင်

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၇x၅၈လမ်းကြား၊ ဘုရင့်နောင်လမ်းနှင့် အောင်ဇေယျလမ်းကြားနေ ဗိုလ်ကြီး ဒေါ်ဆောင်းတင်(ခ) ဒေါ်သောင်းတင် (ဘ)ဦးဖိုးဆေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးမောင်ထွေးက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ (ယခင်-ရတနာပုံမြို့ကွက်သစ်)၊ အကွက်အမှတ်(ထထ-၉)၊ ဦးပိုင်အမှတ် (၄၃+၄၈)၊ ဧရိယာ (၀ ဒသမ ၀၆၂၀ + ၀ ဒသမ ၀၆၂၀)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီးဒေါ်ဆောင်းတင် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေမာလှိုင်)
ဒုတိယမြို့နယ်တရားသူကြီး(၃)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃-ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၂၈၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ မြေကွက်အမှတ် (၂၈၈/ခ)၊ မြေဧရိယာ(၁၂၀၀ စ/ပ)၊ ပေ(၂၀x၆၀) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသော်ဇင် ၁၂/ဥကမ (နိုင်)၀၉၇၀၆၆ ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၇၄၆/၂၀၂၂ ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးလှလှသန်းဦး ၁၂/အစန(နိုင်)၁၈၈၈၄၅ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့်အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသွန့် ၁/မကန(နိုင်)၀၁၆၄၃၃မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းယုယုအောင် (LL.B, D.B.L, D.I.L)** **ဒေါ်ခိုင်ဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၅၄)** **အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၉)**
**တိုက်အမှတ် (၂၇၉)၊ အခန်းအမှတ် (၆-ဘီ)၊ ၆-လွှာ(7-lift)၊ ၉-ရပ်ကွက်၊**
**သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၈၈၀၂၅၂၅၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁)၊ ဗိုလ်စိန်မှန်လမ်း၊ မြေကွက်အမှတ်(၁၂၅) ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၄၂ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေငှားစာချုပ်အမည်ပေါက်သူ ဒေါ်စန်းစန်းဝင်း ၁၂/လသယ(နိုင်)၀၀၇၂၃၆ထံမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း( အလျား ၂၀ ပေ x အနံ ၆၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှဆန်း ၁၁/ကဖန(နိုင်)၀၈၁၇၆၁ မှ အရှုပ်အရှင်းကင်းရှင်းပြီး ၎င်းတစ်ဦးတည်းမှ တရားဝင် လက်ရှိထားပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးရဲနောင်၁၂/စခန(နိုင်)၀၃၁၆၉၄ မှလည်း ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိုးစိုးမော်**
**လိုင်စင်အမှတ်(၁၀၇၂၄)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၅၄၀၇၈၃၀**

## အများသိစေရန်ကြော်ငြာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၂၆)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ (ဘ) ဦးရန်စူအန်း၏ သမီး ဒေါ်နန်းလီလီဝင်း ၁၃/လခန(နိုင်)၀၂၀၇၉၁ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်နန်းလီလီဝင်း၏ ခင်ပွန်းဖြစ်သူ ဦးရန်လင်စိန် ၁၃/ကခန(နိုင်)၀၃၂၄၅၅ အမည်ဖြင့် မူဆယ်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန် အမှုတွဲအမှတ်-၂၂/မဆ/၂၀၀၂ဖြင့် နှစ်(၃၀) သက်တမ်းရှိ ဂရန်အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ဦးရန်လင်စိန် အမည်ပေါက် ဂရန်မြေကွက်ပေါ်တွင် နံကပ် (၂) ထပ် အဆောက်အအုံ ဆောက်လုပ်ကာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရန်လင်စိန်၏ ဇနီး ဒေါ်နန်းလီလီဝင်း ကိုယ်တိုင် လက်ရှိနေထိုင်လျက်ရှိပြီး ဦးရန်လင်စိန်သည် မန္တလေးမြို့တွင် နေထိုင်လျက်ရှိပါသည်။

ထို့ကြောင့် ဒေါ်နန်းလီလီဝင်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဦးရန်လင်စိန် အမည်ပေါက်ဂရန် မြေကွက်နှင့် ပတ်သက်၍ ရောင်း/ပေါင်/စွန့်/ပေး/လှူဒါန်းခြင်း၊ ပုံစံ(၁၀၅)/(၁၀၆) ရေးကူးခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း တို့ကို မည်သူတစ်ဦး တစ်ယောက်ကမျှ မပြုလုပ်ပါရန် အသိပေး ကြော်ငြာ အပ်ပါသည်။

အကယ်၍ အထက်ဖော်ပြပါ ကိစ္စရပ်များပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုမူဆောင်ရွက်သူကို ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဝတ်ရည်ဝင့်(LL.B)** | **ဦးကျော်ကိုသက်(LL.B)** | **ဒေါ်ကြည်မာထွန်း(LL.B)** |
| **(စဉ်-၈၉၁၇)** | **(စဉ်-၁၇၀၅၅)** | **(စဉ်-၈၇၄၈၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**ဖုန်း-၀၉-၄၃၀၃၅၆၂၁**

## တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒဿန (၂)လမ်း၊ အမှတ်(၁၁၁)၊ (၂)ခန်းတွဲ(၃ ၁/၂)ထပ်(၅-လွှာ)တိုက်၏ (၅-လွှာ)ဒါဘာ (တိုက်အားမျက်နှာမူလျှင် လက်ယာဘက်)အခန်း၊ (၁၈ပေx၅၅ပေ)အကျယ်အဝန်းရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ကျင်ထွေး ၁၂/မဂဒ(နိုင်)၀၃၈၃၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ဇော်နိုင် ၁၁/စတန(နိုင်)၀၈၉၇၁၅နှင့် ဒေါ်ရွှေအိမ်သူ ၁၁/စတန(နိုင်)၀၉၆၉၈၂ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးကျော်မျိုးထွန်း LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)**
**အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၉၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄**

## အိမ်နှင့်မြေအရောင်းအဝယ်အား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၃၀၁/ခ)၊ (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ဦးအောင်ငြိမ်း ၁၂/လမန(နိုင်)၁၃၆၃၀၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်မှ မြေကွက်အားမျက်နှာမူလျှင် (လက်ဝဲဘက်ခြမ်း)ရှိ အမှတ်(၁၃၀၁/ခ)၊ အင်းယားမြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးဇင်မင်းသန့် ၁၄/ဖပန(နိုင်)၀၉၉၁၅၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းစန္ဒာထွန်း ၁၁/စတန(နိုင်)၀၇၄၆၅၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤအိမ်နှင့်မြေအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ချက်အရ -**

**ဦးကျော်မျိုးထွန်း LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉၇၁)**
**အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၁၁၂၈၅၊ ၀၉-၂၅၃၀၆၀၆၆၄**






## HAIR CULTURE HC

## အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၆)ရပ်ကွက်၊ စံပယ်(၄)လမ်း၊ အမှတ်(၂၄)(က)နေ ဒေါ်ငြိမ်းပြည့်စုံဝင်း ၁၂/မကန(နိုင်)၁၀၅၄၀၂ မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တစ်ဦးထဲမှုပိုင်ခွင့်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၈၀၅၅/ ၂၀၂၃)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပါသည်။ HC Myanmar Company Limited, Company Registration No.140914134 ဖြင့် ကုမ္ပဏီဖွင့်လှစ်ကာ အထက်အမည်ပါ ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး (Shower, Lip Treatment Balm, Face Coffee Scrub, (တင်းတိတ်)၊ Shampoo, Hair Treatment Oil, Hair Tonic, Soap)များကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီ/လက်ကား ကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ ကောင်းသောဂုဏ်သတင်းအား ထိခိုက်စေမည့် ဆင်တူယိုးမှားထုတ်လုပ်ရောင်းချခြင်း၊ တုပထုတ်လုပ်ခြင်း၊ ဈေးကွက်အတွင်းဖြန့်ချိခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း စုံစမ်းကြားသိရပါသည်။ ကုန်သည်ကြီးများ၊ လက်လီ/လက်ကား ကိုယ်စားလှယ်များအနေဖြင့်လည်း အတုပြုလုပ်ထားသောတံဆိပ်ထုတ်ကုန်များကို လက်လီ/လက်ကား ဖြန့်ချိရောင်းချခြင်းမပြုဘဲ HC Myanmar Company မှ ထုတ်လုပ်သည့် HC တံဆိပ်အစစ်အမှန်များကိုသာ ဖြန့်ချိရောင်းချကြပါရန် မေတ္တာရပ်ခံပါသည်။

အတုပြုလုပ်ဖြန့်ချိရောင်းချသူများအနေဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ဆင်တူယိုးမှားထုတ်လုပ်ရောင်းချခြင်း၊ တုပထုတ်လုပ်ခြင်း၊ ဈေးကွက်အတွင်း ဖြန့်ချိခြင်း၊ ကိုယ်စားလှယ်များမှ တစ်ဆင့်ရောင်းချခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်းတို့ကို မပြုလုပ်ကြရန်နှင့် သုံးစွဲသူများအကြား ထင်ယောင်ထင်မှားမဖြစ်စေရန်၊ HC ကုမ္ပဏီက တရားဝင်ထုတ်လုပ်ရောင်းချသည့် HC တံဆိပ် ထုတ်ကုန်များကိုသာ ဝယ်ယူအားပေးနိုင်ရန်အလို့ငှာ HC ကုမ္ပဏီ HC တံဆိပ် ပိုင်ရှင်မှ ပေးအပ်သော အထောက်အထားများအရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ HC Company ၏ HC တံဆိပ်အမှတ်အသားကို တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် တုပသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ချိခြင်း၊ ကိုယ်စားလှယ်မှ တစ်ဆင့်ရောင်းချခြင်း၊ လက်လီ/လက်ကား ရောင်းချခြင်း၊ ဈေးကွက်အတွက်ဖြန့်ချိခြင်း စသည်တို့ကို မပြုလုပ်ကြရန် တားမြစ်ပါသည်။ အတုအပပြုလုပ်၊ သုံးစွဲ၊ ရောင်းချလျက်ရှိကြောင်း တွေ့မြင်ကြားသိပါက တည်ဆဲဥပဒေများနှင့်အညီ ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးကုန်ကျသောငွေကြေးများအတွက် ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင် (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၀၉)**
**တိုက်(၄၉)၊ အခန်း(၁၁၂)၊ ကျန်စစ်မင်းအိမ်ရာ၊**
**အပိုင်း(၁) လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၁၅၈၇၁၅၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)အနောက်ခြမ်း၊ နောင်ရိုးပတ်လမ်း၊ အိမ်ရာကွက်အမှတ်(၁၉)၊အိမ်ရာအဆင့်(M)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းနှင့်ပတ်သက် ဆက်စပ်သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးတင်အောင် (TGE-၀၆၈၄၃၉)ထံမှ ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးပိုင်ဆိုင်ထားသည့် ဒေါ်အေးအေးမူ ၉/ပမန(နိုင်) ၁၈၂၂၇၃က ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ၁၁-၄-၂၀၂၅ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဖြိုးအောင်မြင့် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၇၅၇/၂၀၁၆)**
**အမှတ်(၂၄/ခ)၊ အနော်မာ (၁၉)လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၀၃၀၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးစစ်မောင်(ကွယ်လွန်)နှင့် ဒေါ်အုံးမြင့် ၁၂/သကတ(နိုင်)၀၂၄၈၀၉တို့၏ သားအရင်းဖြစ်သည့် မောင်မျိုးကျော်ကျော် ၁၂/သကတ(နိုင်)၀၉၆၂၉၆သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ သားသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**(ဦးစစ်မောင်)-ဒေါ်အုံးမြင့် ၁၂/သကတ(နိုင်)၀၂၄၈၀၉**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၁၀)နေ (ဘ) ဦးစိုးနိုင်ထွန်း၏သား မောင်ရဲထက်ပိုင် ၁၃/တကန(နိုင်)၃၅၃၁၃၁၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-984626)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၈၉၇၁၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4335 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဝေ ၉/တသန(နိုင်) ၁၁၄၃၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## မီးသတိပြု

## ဦးမောင်မောင်စော(ခ)(ဦးမောင်)
**(L.L.B)**
**တရားလွှတ်တော်ရှေ့နေ**
**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ ယခင်လမ်းသစ်ရိပ်သာ၊ တိုက်အမှတ် (၇)၊ အခန်းအမှတ် (၈)၊ ယခုအမှတ် (၂၃/B)၊ သုံးလွှာ၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ ဦးစော (လက်ထောက်ညွှန်မှူး-ငြိမ်း၊ စာပေဗိမာန်)-[ဒေါ်ခင်ပု (ကျောင်းအုပ်ဆရာမကြီး၊ အထက-၁၀၊ တာမွေ-ငြိမ်း)]တို့၏သား၊ ဦးသီဟစော (J.A Internews)-ဒေါ်စန်းစန်းအေး၊ ဦးမြင့်ဦး (ကျောင်းအုပ်ကြီး၊ ပညာအောင်မြေကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်သီဂီစော (လက်ထောက်ညွှန်မှူး-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်ဥမ္မာစော (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဦးသန့်စင်-ဒေါ်ခင်ဥမ္မာရှိန်တို့၏ ညီ/မောင်၊ (ဦးညိုထွေး(ခ)ဦးကို)၊ ဒု-ဗိုလ်မှူးကြီး သိန်းတန်(ငြိမ်း)-ဒေါ်မိုးမိုးနိုင်၊ ဦးအောင်ချိန် (ဒု-ညွှန်ချုပ်-ငြိမ်း)-ဒေါ်စန္ဒာစော တို့၏အစ်ကို၊ တူ/တူမ ၁၀ ယောက် တို့၏ဦးလေး၊ မြေး ၄ ယောက်၏အဘိုးသည် ၁၈-၄-၂၀၂၅ရက်(သောကြာနေ့) ည ၁၀:၁၅ နာရီတွင် ရန်ကုန်မြို့၊ Sakura ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၂၅ရက်(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန်အတွက် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်စော(ခ)(ဦးမောင်)
**(L.L.B)**
**တရားလွှတ်တော်ရှေ့နေ**
**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ ယခင်လမ်းသစ်ရိပ်သာ၊ တိုက်အမှတ် (၇)၊ အခန်းအမှတ် (၈)၊ ယခုအမှတ် (၂၃/B)၊ သုံးလွှာ၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ ဦးစော (လက်ထောက်ညွှန်မှူး-ငြိမ်း၊ စာပေဗိမာန်)-[ဒေါ်ခင်ပု (ကျောင်းအုပ်ဆရာမကြီး၊ အထက-၁၀၊ တာမွေ-ငြိမ်း)]တို့၏သား၊ မြတ်သီတာဦး၊ ဒေါက်တာကျော့ကေခိုင်ဦး၊ ငြိမ်းချမ်းဦး-စုစုချစ်၊ မင်းမင်းသီဟ-နွယ်နွယ်စန်း၊ ဒေါက်တာစိုးပြည့်ထွန်း-ဒေါက်တာဆုမွန်သီဟ၊ ဒေါက်တာပြည့်စုံဝင်း-ဒေါက်တာမေသန့်စင်၊ အိအိသန့်စင်၊ ဒေါက်တာဖူးသန့်စင်၊ ထက်မြက်သိန်းတန်၊ ဟိန်းထက်သိန်းတန်တို့၏ ချစ်လှစွာသောဦးလေး (ဦးမောင်)သည် ၁၈-၄-၂၀၂၅ရက် (သောကြာနေ့) ည ၁၀:၁၅ နာရီတွင် ရန်ကုန်မြို့၊ Sakura ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၂၅ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန်အတွက် အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သုတရာမလမ်းတွင်တည်ရှိသော အရှေ့လားသော်- လမ်းကြား(ဦးဉာဏ်ရွှေ-ဒေါ်ပြား)၊ အနောက်လားသော်- သုတရာမလမ်း၊ တောင်လားသော် အစိုးရ (ဦးသိန်းမြင့်-ဒေါ်စန်းစန်းဝင်း "စန်းသရဖူ"ပွဲရုံ)၊ မြောက်လားသော်- အစိုးရ (ဦးမောင်ဦး-ဒေါ်အေးအေးဝင်း) ၎င်းနယ်လေး ရပ်အတွင်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်- (၁၅-အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ်-၁၇၈ ဒေါ်စောမြအေး အမည်ပေါက် နှစ် (၃၀) ဂရန်ဝင်းမြေ ဧရိယာ (၀.၀၅၃) ဧက အကျယ်အဝန်းရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံ စားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ် ပြုလုပ်နိုင်ရန်အတွက် ဝင်းမြေတန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းဝင်းမြေအား ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းသူ/ဝယ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ထွေးလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ စဉ်- ၁၁၅၃၈**
**မဂ္ဂင်လမ်း၊ အမှတ်(၃)၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊**
**ဖုန်း-၀၉- ၄၀၂၆၇၇၅၅၁၊ ၀၉- ၇၈၂၃၁၃၀၆၀**

## လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူဦးဇော်မင်းထွန်း၁၂/သဃက(နိုင်)၀၀၂၄၀၄နှင့် ဒေါ်အေးယဉ် ၁၃/တကန(နိုင်)၂၈၆၅၃၇၇တို့သည် ၂၀၀၅ ခုနှစ်ကတည်းက တရားဝင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါသဖြင့် ၂၉-၃-၂၀၂၄ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မင်းထွန်းနှင့်ဒေါ်အေးယဉ်တို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းထွန်း၏ လွှဲအပ်ချက်အရ**
**ဒေါ်အိအိမွန် (LL.B,DBL,DML,DIL)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၉၁၈)**
**အမှတ် ၂၁၊ ပထမထပ်၊ Stand ကွန်ဒို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၂၂၉၀၂၈**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်စော(LL.B)
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ယခင်လမ်းသစ်ရိပ်သာ၊ တိုက်အမှတ်(၇)၊အခန်းအမှတ်(၈)၊ ယခုအလုံမြို့နယ်၊ သစ်တောလမ်း၊ သုံးလွှာ၊ အမှတ် (၂၃/B) နေ ဦးစော-(ဒေါ်ခင်ပု)တို့၏သား၊ ဦးမောင်မောင်စောသည် ၁၈-၄-၂၀၂၅ရက်(သောကြာနေ့)ည ၁၀:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်စိုး(တရားလွှတ်တော်ရှေ့နေ) နှင့်**
**လုပ်ဖော်ကိုင်ဖက် ရှေ့နေများအဖွဲ့**

## ဦးနိုင်ဝင်း
**အသက် (၆၂)နှစ်**

ရန်ကုန်မြို့၊ အင်းယားလမ်း၊ ခြံအမှတ်(၄၂A)နေ (ဦးတင်ဝင်း-ဒေါ်လှကြည်)တို့၏သား၊ (ဦးနေဝင်း)- ဒေါ်မို့မို့ထွန်း၊ ဦးကြည်ဝင်း၊ ဦးမျိုးဝင်း-(ဒေါ်ခင်မာလာ)၊ ဦးသိန်းဝင်း-ဒေါ်စောဥမ္မာတို့၏ညီ၊ (ဦးစိုးဝင်း)-ဒေါ်စန်းစန်းအေး၊ ဒေါ်မဥ္စူသင်းတို့၏အစ်ကို၊ မမို့မို့နေဝင်း၊ (မောင်အောင်ပြည့်ဖြိုး)၊ မောင်အောင်ရဲဝင်း၊ ဒေါက်တာကောင်းရဲဝင်း-ဒေါက်တာပိုးစန္ဒီဇော်၊ ဒေါက်တာဝင့်ဝါအောင်၊ မောင် Frank Win၊ မစိုးယမုံဝင်းတို့၏ဦးလေး၊ Skyiar (ခ)မခင်မုဒြာဇော်၏အဘိုးလေး ဦးနိုင်ဝင်းသည် ၁၇-၄-၂၀၂၅ရက် ညနေ (၅:၃၀)နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၅ရက် နံနက် (၉)နာရီတွင် ဖုကျန်သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးကြေညာအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းဇော်
**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက်(၂)၊အခန်း(၄၁၁)နေ (ဦးအေး-ဒေါ်တင်ရင်)တို့၏သား၊ ကိုအောင်ဝင်းထွန်း(နယ်စပ်ရေးရာဝန်ကြီးဌာန)-မကြူကြူသိန်း(နယ်စပ်ရေးရာဝန်ကြီးဌာန)တို့ ၏ ဖခင်၊ မောင်လျှမ်းထက်အောင်၊ မောင်ခန့်သီဟထွန်းတို့၏ အဘိုးသည် ၁၉-၄-၂၀၂၅ရက်(စနေနေ့)နံနက် ၄:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၈
**ကွယ်လွန်သူ ဦးသန်းထွန်း၏**
**ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့၊ ရွှေသူဌေးရပ်ကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းထွန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မြင့်ဆွေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းထွန်း၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူအား အဆိုပါအမှုတွင် ၎င်း၏(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ၂၀၂၅ ခုနှစ်၊ ဧပြီ လ ၂၅ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မြင့်ဆွေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ငွေနံ့သာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ် ၁၀၅၁၊ ဒေါ်စောမြဝင်း အမည်ပေါက်၊ ဧရိယာ(အလျား၁၀၀ပေx အနံ၁၂၀)ရှိမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဗိုလ်သိန်းဇော် ၁၂/လမန(နိုင်)၀၂၆၆၃၅ထံမှ ဦးလောအေ ၁၃/လရန (နိုင်) ၁၀၀၇၈၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက် စာတမ်းအပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ (စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**၈၂/ ၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်လှ
**အသက်(၉၆)နှစ်**

ဆရာ ဦးလှသက်မောင်-ဒေါက်တာ ဌေးဌေးတင်တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်တင်တင်လှ အသက်(၉၆)နှစ်သည် ၁၅-၄-၂၀၂၅ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိမ်းလမ်းစိုပြည်ပန်းခြံ**
**Zephyr Coffee & Restaurant မိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းဆွေ
## (တရားရေးဝန်ထမ်း အပါတ်စဉ်-၅)
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ ဥက္ကာ(၈)လမ်း၊ အမှတ်-၂၃၆ နေ (ဦးဘမောင်-ဒေါ်ကျင်သိန်း) တို့၏သား၊ ဦးမြင့်ဆွေ-ဒေါ်ခင်တိုး၊ (ဦးမောင်ဦး)-ဒေါ်ယဉ်ကြည်၊ (ဦးတင်ဝင်း)-ဒေါ်တင်တင်အောင်တို့၏ညီမောင်၊ (ဦးခင်ဝင်း)၏ အစ်ကို၊ ဦးတင်ထွန်းအောင်-ဒေါ်မေဖြိုးဆွေ၊ ဦးကျော်ဇင်သက်-ဒေါ်နန်းသဇင်အေး၊ ဦးစည်သူအောင်တို့၏ဖခင်၊ မောင်စွမ်းထက်ဇင်၊ မောင်ဖွဲ့ထက်အောင်၊ မောင်မြတ်မင်းသန့်တို့၏အဘိုး၊ ဒေါ်ခင်ငွေးမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၄-၂၀၂၅ရက်(စနေနေ့)နံနက် ၁၀:၃၆နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၂၁-၄-၂၀၂၅ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၂၅ရက်(သောကြာနေ့)နံနက် ၆ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ ငွေနံ့သာ၊ ကွင်းအမှတ် (၄၉၅-အေ)၊ မြေကွက်အမှတ်၁၀၅၂၊ ဦးစောရဲဝင်းဦးအမည်ပေါက် ဧရိယာ ပေ(အလျား၁၀၀x အနံ၁၂၀)ရှိမြေကွက်၏ အကျိုး ခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဆွေမြင့် ၁၂/လမန(နိုင်)၀၂၅၉၆၁ထံမှ ဦးချမ်းသာ ၁၃/လရန(နိုင်) ၁၈၆၉၃၀က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ (စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**၈၂/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၃၈)နန္ဒဝန် (စက်မှုဇုန်)၊ ဦးပိုင်အမှတ်/အကွက်အမှတ်(ပိတောက်လမ်း- ၈၈၊ ၈၉၊ ၉၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(စ-၄၊ နန္ဒဝန်၊ စက်မှုဇုန်)၊ ဦးပိုင်အမှတ်နှင့်မြေကွက်အမှတ်(၃၉ လမ်း-၇၉)၊ (၃၈လမ်း-၈၀)၊ မြေကွက်(၁)ကွက်လျှင် ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေကွက်များအားဦးသိန်းဖေမြင့် အမည်ဖြင့်လည်းကောင်း၊ မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၃၈)နန္ဒဝန် (စက်မှုဇုန်)၊ ဦးပိုင်အမှတ်နှင့်အကွက်အမှတ်(ပိတောက်လမ်း- ၈၆၊ ၈၇)၊ (၂၈လမ်း-၉၃၊ ၉၅)၊ (၃၈ လမ်း-၇၈)၊ မြေကွက်(၁)ကွက်လျှင် ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်များအား ဦးအောင်သိန်းမြင့် အမည်ဖြင့်လည်းကောင်း၊ အကွက်အမှတ်နှင့် အမည် (စ/၁၂)နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်နှင့်မြေကွက်အမှတ် (၄၂ လမ်း- ၃၄) ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အား ဦးသန်းမြင့်စိုး အမည်ဖြင့် လည်းကောင်း မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းခရိုင်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ် (၅၈၃/B)ဟုခေါ်သောမြေ အကျယ်( ၁၅ ပေx ၅၀ ပေ )မြေနှင့် မြေပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်ကို ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ရက်တွင် အတူနေသူ တူမအရင်းလည်းဖြစ်၊ မိမိ၏ ကျန်းမာရေးကိစ္စများတွင်လည်း အမေအရင်းကဲ့သို့ လိုလေသေးမရှိအောင် လုပ်ကျွေးပြုစုသဖြင့် တူမအရင်းဖြစ်သူ ဒေါ်လှလှဝင်းကို ရပ်ကွက်လူကြီးများရှေ့တွင် (၁၅ ပေx၅၀ပေ)မြေအား အပြီးအပိုင်ပေးခဲ့ပါသည်။ယခုအခါ အဒေါ်ဖြစ်သူ မြေအမည်ပေါက် ဒေါ်အုန်းမြသည် ကွယ်လွန်သွားပြီးဖြစ်သဖြင့် ဒေါ်အုန်းမြ ၁၂/တမန (နိုင်)၁၅၉၈၈၂ ထံမှ တရားဥပဒေအရ အခွင့်အရေး ရထိုက်သူများသိရှိပြီး ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်လှလှဝင်း ၁၂/မဂတ(နိုင်)၀၆၃၅၆၉ ထံသို့ဖြစ်စေ သတင်းစာတွင်ပါပြီးနောက် (၁၄)ရက်အတွင်း တရားဝင်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လှလှဝင်း၏ ခွင့်ပြုချက်အရ-**
**ဦးတင်ထွေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၈၁၇)(၁၁-၁၀-၁၉၈၆)**
**အမှတ်(၉၄)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၀၉၈၅၅**

## အမြန်ဆက်သွယ်ပါရန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်နေ ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်နှင်းသန္တာဝင်း ၁၄/ပသန(နိုင်)၁၁၁၀၉၂ သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ ခင်ပွန်းဖြစ်သူ ကျွန်တော် ဦးထွန်းစိုးအောင် ၁၃/ရစန(နိုင်) ၀၄၈၀၇၇ ၏ ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် မိသားစုကိစ္စဆွေးနွေးလိုပါ၍ အမြန်ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးထွန်းစိုးအောင်**
**ဖုန်း-၀၉-၆၉၁၃၃၂၂၈၆**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးကျော်မြတ်ဆွေ ၁၄/မအန(နိုင်)၁၁၇၄၉၆ ၏သား အမက တာကြီးတန်း Grade-2 မှ ကျောင်းဝင်အမှတ်(၀၅၀၄)မောင်မြင့်မြတ်လင်းအား မောင်မင်းဘုန်းသန့် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းဘုန်းသန့်**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးငွေးလှိုင် ၁၄/မအန(နိုင်)၂၈၃၈၀၅ ၏သား အမက တာကြီးတန်း KG မှ ကျောင်းဝင်အမှတ်(၀၆၀၈) မောင်ထူးထက်လင်း အား မောင်ဟိန်းထက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းထက်အောင်**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးငွေးလွင်၏သမီး ကျွန်မ မလွင်ငြိမ်းအေး ၁၃/မမတ(နိုင်)၀၃၆၃၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၇၉၀၂၇၀၃၄၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မသန်းသန်းစိုး ၁၄/မအပ(နိုင်)၂၄၄၃၁၄ ၏ ပတ်စ်ပို့နံပါတ် (ME-559623)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၇၅၇၉၂၆၂**

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေး တည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား"လည်း ဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ



**နေပြည်တော် မေ ၁၉**

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေး

*စာမျက်နှာ ၁၃ ကော်လံ ၁ ❍*

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မေ ၂၁ ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်ပြီး မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ မေ ၂၁ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင်

*စာမျက်နှာ ၁၃ ကော်လံ ၁ ❂*

**ယနေ့ သတင်းအညွှန်း**

**မိုးကြိုကာလ သဘာဝဘေးအန္တရာယ်များ ကြိုတင်သတိပြုစေလို**
ဆောင်းပါး စာ ၁၀

**အမေရိကန်က ယီမင်စက်သုံးဆီဆိပ်ကမ်းကို လေကြောင်းတိုက်ခိုက် သေဆုံးသူ ၈၀ နှင့် ဒဏ်ရာရရှိသူ ၁၅၀ ရှိလာ**
နိုင်ငံတကာသတင်း စာ ၁၄

**တရားမဝင်သစ်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ**
မှုခင်းသတင်း စာ ၂၃

**ကော့ကရိတ်မြို့အတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းဆောင်အချို့ ထိခိုက်ပျက်စီး**
ပြည်တွင်းသတင်း စာ ၂၆

## လှိုင်လင်မြို့၌ ငွေကျပ် ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁၀၀၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့၌ ငွေကျပ် ၈ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးကက်တမင်း ၁၀၀၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ညနေ ၆ နာရီက လှိုင်လင်-တောင်ကြီးသွား ကားလမ်း လှိုင်လင်တိုးဂိတ်တွင် ကျော်အာကာသိန်း မောင်းနှင်လာသည့်

*စာမျက်နှာ ၁၃ ကော်လံ ၄ ■*




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်းများနှင့်အတူ တွေ့ရစဉ်။